# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့သို့ မတက်ရောက် နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ခွင့်ပန်ကြား သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၁ ရက်၊

(၂) လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို ခွင့် ၄ ရက်၊

မူကြမ်း

(၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၄ ရက်၊

(၄) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၃ ရက်၊

(၅) လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင် ခွင့် ၅ ရက်၊

(၆) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးဖြတ် ခွင့် ၅ ရက်၊

(၇) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဋ္ဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၁၀) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၁၁) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၁၂) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊

(၁၃) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၅) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၅ ရက်၊

(၁၇) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၁ ရက်၊

(၁၈) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၁၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၀) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၁ ရက်၊

(၂၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၂၂) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်၊

(၂၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်နှင့်

(၂၄) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၄ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြေယာဥပဒေကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ဖောက်ဖျက်ပြီး မိမိကိုယ်ကျိုးစီးပွားတစ်ခုတည်း အတွက်သာ ဆောင်ရွက်နေခြင်းများ ရှေ့ဆက်ပြီး မပေါ်ပေါက်စေရေးအတွက် မည်သို့စီစဉ်ညွှန်ကြားမှု များပြုလုပ်ထားကြောင်း သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ကျွန်တော်ဂါရဝတရားရှေ့ထားပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကားလမ်းဝဲယာဘေး၊ မီးရထားလမ်း ဝဲယာဘေး အဲဒီမှာရှိကြတဲ့လယ်မြေများကို အရောင်းအဝယ်တွေပြုလုပ်ပြီးတော့ စိုက်ပျိုးခြင်းမပြုလုပ်ဘဲနှင့် လိုအပ်သလို သူတို့စီစဉ်ဆောင်ရွက်နေခြင်းအပေါ် မှာ မေးမြန်းလိုတာပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဈ)အရ လယ်ယာမြေကို လယ်ယာစိုက်ပျိုးခြင်းမပြုလုပ်ဘဲနဲ့ ချန်ထားမယ်ဆိုလို့ရှိရင် ဒါ ခိုင်လုံတဲ့အထောက်အထားတွေနဲ့ သက်ဆိုင်ရာကို တင်ပြပြီးတော့ ခွင့်ပြုချက်ရမှသာလျှင် ထားလို့ရပါတယ်ဆိုတာ ဥပဒေပြဋ္ဌာန်းချက်ရှိပါတယ်။ ထို့အတူပဲ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)မှာလည်းပဲ လယ်ယာမြေကို အခြားနည်းဖြင့် သုံးမယ်ဆိုလို့ရှိရင် သက်ဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်ရဲ့ခွင့်ပြုချက်ကို ရယူပြီးတော့မှ ဒါကို အခြားနည်းနဲ့သုံးလို့ရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီကနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ကားလမ်းနှင့်ရထားလမ်း ဝဲယာဘေးတွေမှာကြည့်မယ်ဆိုလို့ရှိရင် ပိုက်ဆံရှိတဲ့သူတွေကနေပြီးတော့ မြေတွေကိုလိုက်ဝယ်တယ်။ ကိုယ်စားလှယ်တွေနဲ့ဝယ်တယ်။ သက်ဆိုင်ရာကျေးရွာ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ မြေစာရင်းဌာနက ဝန်ထမ်းတွေကနေပြီးတော့ ပွဲစားလုပ်ပြီးတော့ အရောင်းအဝယ်တွေပြုလုပ်ပေးတယ်။ အဲဒီလို ပြုလုပ်ပေးတဲ့အခါမှာ ဒီမြေတွေအပေါ် မှာ ခြံတွေခတ်တယ်။ ကန်တွေတူးတယ်။ မြေကြီးတွေဖို့တယ်။ ဖို့ပြီးတဲ့အခါမှာ နှစ်စဉ်နှစ်စဉ် ဒီမြေတွေကို အရောင်းအဝယ်တွေ တစ်ဆင့်တစ်ဆင့်ပြန်လုပ်ပြီးတော့ မြေကို တန်ဖိုးသင့်မြေအဖြစ် ဆောင်ရွက်နေတာကို လွန်ခဲ့တဲ့ နှစ်နှစ်၊ သုံးနှစ်လောက်ကတည်းက တွေ့ခဲ့ရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီဟာနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက လုံးဝလျစ်လျူရှုပြီးတော့ ကြည့်ထားခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ဒီလိုကြည့်ခြင်းအားဖြင့် သူတို့ကိုယ်တိုင်ကပင် မြေယာဥပဒေကို ဆန့်ကျင်ပြီးတော့ လုပ်တဲ့သူတွေအပေါ် မှာ ရပ်ကြည့်နေတာဖြစ်တဲ့အတွက် သူတို့ကိုယ်တိုင်လည်းပဲ ဥပဒေနှင့်မညီဘဲနဲ့ ဥပဒေအရအားပေးပြီးတော့ လုပ်နေတယ်ဆိုတာကို သွားတွေ့ရတာဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီနေ့အထိ အဲဒါတွေကို ဘာမှဥပဒေနှင့်ထိထိရောက်ရောက် ဆောင်ရွက်တာမရှိပါဘူး။ အဲဒီလိုပါပဲ လမ်းတွေနဲ့ဝေးတဲ့နေရာတွေမှာဆိုလို့ရှိရင်လည်းပဲ လယ်မြေတွေကို သူတို့ကဝယ်တယ်။ ဝယ်ပြီးတဲ့အခါမှာ ပြန်ပြီးတော့ ကန်တွေတူးတယ်။ ပိုတဲ့မြေတွေကို ရောင်းစားနေတာကိုတွေ့ရပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်မဖြစ်ခင်ကတည်းက သက်ဆိုင်ရာဌာနတွေကို ပြောသော်လည်းပဲ လုပ်ပါ့မယ်၊ လုပ်ပါ့မယ် ဆိုပြီးတော့ ဒီနေ့အထိ ထိထိရောက်ရောက်လုပ်ကိုင်တာမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်လို့ ကြာလာလို့ဆိုလို့ရှိရင်

ကျွန်တော်တို့နိုင်ငံအတွက် များစွာလယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းမှာ ထိခိုက်လာနိုင်စရာအကြောင်း ရှိတဲ့အတွက် သက်ဆိုင်ရာကနေပြီးတော့ ဒါကို ဘယ်လိုများစီစဉ်ဆောင်ရွက်မလဲ။ ဘယ်လိုတားဆီး မလဲဆိုတာနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာဆန္ဒပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူး တိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယ ဝန်ကြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းချက်နှင့် ပတ်သက် ပြီးတော့ ဖြေကြားရမယ်ဆိုရင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်၏ ရထားလမ်း၊ ကားလမ်း ဝဲယာဘေးအနီးရှိ လယ်မြေများအား သီးနှံစိုက်ပျိုးမှုမရှိဘဲ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ပြုထားသည့် အမှုတွဲပေါင်း ၄၂ တွဲ ရှိကြောင်းသိရှိရပြီးတော့ အမှုတွဲများ ဆောင်ရွက်ထားရှိမှု အခြေအနေကို အောက်ပါအတိုင်း သိရှိ ရပါတယ်။

(က) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အနေဖြင့် လယ်ယာမြေအခြားနည်း အသုံးပြု သည့် အမှုတွဲပေါင်း ၄၂ တွဲရှိသည့်အနက် အမှုတွဲသုံးခုမှာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေအခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့် ပုံစံ(၁၅)ရရှိထားပြီး အမှုတွဲပါ စီမံချက်အတိုင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ကြောင်း၊ (၁) ဝေါမြို့နယ်၊ ကျိုက်လှကျေးရွာအုပ်စုရှိ လယ်မြေ ၂၂.၀၃ ဧကအား စက်မှုလုပ်ငန်းသုံး အဆောက်အဦ အသုံးပြုရန်မြေအဖြစ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၂၂-၉-၂၀၁၅ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၅)အရ ၂၉-၉-၂၀၁၅ ရက်နေ့ကလည်းကောင်း၊ (၂) ဝေါမြို့နယ်၊ မှိုကတုံးကျေးရွာအုပ်စုရှိ လယ်မြေ ၀.၇၁ ဧကအား စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း အသုံးပြုရန်မြေ အဖြစ် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၄-၃-၂၀၁၆ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၅)

အရ ၂၈-၃-၂၀၁၆ ရက်နေ့က လည်းကောင်း၊ (၃) ဝေါမြို့နယ်၊ အရှေ့ဘက်ကမ်းကျေးရွာအုပ်စုရှိ လယ်မြေ ၂.၅၀ ဧကအား စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းအသုံးပြုရန်မြေအဖြစ် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၄-၃-၂၀၁၆ ရက်နေ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၅)အရ ၂၈-၃-၂၀၁၆ ရက်နေ့ကလည်းကောင်း လယ်ယာမြေကိုအခြားနည်းအသုံးပြုရန် ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း သိရှိရပါတယ်။

(ခ) ကျန်ရှိသည့် အမှုတွဲ ၃၉ ခုအနက် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(က)အရ လျှောက်ထားဆဲ အမှုတွဲ ၂၃ ခု၊ လယ်မြေဧရိယာ ၆၈.၃ ဧကရှိပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြေပုံရေးကူးခွင့်ပြုခဲ့သဖြင့် လယ်ယာမြေနည်းဥပဒေအပိုဒ် ၈၂ ၊ ၈၃၊ ၈၄၊ ၈၅ တို့နှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီးတော့ ခရိုင်လယ်ယာမြေစီမံခန့်မှုအဖွဲ့သို့ တင်ပြပြီးဖြစ်ကြောင်း သိရှိရပါတယ်။

(ဂ) ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၁၂ ကို ကျူးလွန်ဖောက်ဖျက်လျက် စပါးသီးနှံ စိုက်ပျိုးခြင်းလုံးဝမပြုလုပ်ဘဲ ကျောက်တိုင်များစိုက်၍ စည်းရိုးများကာရံထားရှိခြင်း၊ မြေများဖို့ခြင်း၊ ကန်တူးခြင်းများ ဆောင်ရွက်ထားရှိသော ကျန်ရှိသည့် အမှုတွဲပေါင်း ၁၆ ခုမှာ စားသောက်ဆိုင်ငါးဆိုင် အတွက် လယ်မြေဧရိယာ ၄.၅ ဧက၊ ပစ္စည်းသိုလှောင်ရုံသုံးရုံအတွက် လယ်မြေဧရိယာ ၆.၃၉ ဧက၊ စက်သုံးဆီအရောင်းဆိုင်နှစ်ဆိုင်အတွက် လယ်မြေဧရိယာ ၁.၁၇ ဧက၊ လယ်ယာသုံးပစ္စည်း အရောင်းဆိုင်နှစ်ဆိုင်အတွက် လယ်မြေဧရိယာ ၂.၅၈ ဧက၊ မွေးမြူရေးခြံနှစ်ခုအတွက် လယ်မြေ ဧရိယာ ၁.၉၄ ဧက၊ ဈေးဆိုင်နှစ်ဆိုင်အတွက် လယ်မြေဧရိယာ ၁.၂၅ ဧကဖြစ်ပြီးတော့ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ၁၃-၅-၂၀၁၅ ရက်နေ့ နှင့် ၁၈-၉-၂၀၁၅ ရက်စွဲပါစာများဖြင့် တားမြစ်ထားကြောင်းသိရှိရပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄) ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)တွင် လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခွင့်မပြုရဟု ပြဋ္ဌာန်းထားပြီးဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးခြင်း မပြုဘဲ ကျောက်တိုင်များစိုက်ကာ စည်းရိုးများကာရံခြင်း၊ ကြိုတင်၍ မြေဖို့ အဆောက်အဦ ဆောက်လုပ်ခြင်းများသည် စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ပါက လယ်ယာမြေဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် ပုဒ်မ ၁၉ တွင် ပြဋ္ဌာန်းထားရှိသော အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ်ကို

ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်ပါကြောင်း၊ (က) သတ်မှတ်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ (ခ) သတ်မှတ်သည့်နည်းလမ်းအတိုင်း လယ်ယာမြေကို ဆောင်ရွက်စေခြင်း၊ (ဂ) လယ်ယာမြေပေါ်မှ နှင်ထုတ်ထိုက်သူများအား နှင်ထုတ်ခြင်း၊ (ဃ) လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖယ်ရှားခြင်း။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ ၅၄ နည်းဥပဒေခွဲ(က)အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိလျှင် လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ ဝန်ကြီးဌာနက ဤကိစ္စအလို့ငှာ ခန့်အပ်ထားသည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အဆင့်ဆင့်တင်ပြရမည်ဟုလည်းကောင်း၊ နည်းဥပဒေခွဲ(က)အရ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူက လယ်ယာမြေဥပဒေပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိလျှင် ပုဒ်မ ၃၇ အရ အရေးယူနိုင်ရန် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ချက်ချင်းတင်ပြရမယ်ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါတယ်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၉-၅-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ၇၉၅/၃၄၉-၁-၁၉/အဖရ (၂၀၁၃)ဖြင့် လယ်ယာမြေအား အခြားနည်းဖြင့် သုံးစွဲမှုများအပေါ် စိစစ်ရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန် ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံးနှင့် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီသို့လည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၉-၈-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၁၂/လယ-၁၆/(၀၃၃/၂၀၁၃)ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့လည်းကောင်း ညွှန်ကြားထားရှိပါတယ်။

လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ(ဈ)မှာ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရဟု ပြဋ္ဌာန်းထားရှိပြီးတော့ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လှပ်ထားသည့် လယ်ယာမြေများနှင့်စပ်လျဉ်း၍ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေအပိုဒ် ၅၄ အပိုဒ်ခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏မေးခွန်းပါ လယ်ယာမြေများတွင် ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်းမရှိဘဲနှင့် လယ်ယာမြေဥပဒေကို ပြောင်ပြောင်တင်းတင်းဆန့်ကျင်ဖောက်ဖျက်ပြီး မိမိ

ကိုယ်ကျိုးစီးပွားတစ်ခုတည်းအတွက်သာ လယ်ယာမြေကို အခြားနည်းအသုံးပြုမှုဆောင်ရွက်နေခြင်း များသည် လယ်ယာမြေဥပဒေပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းဖြစ်သဖြင့် ဤကိစ္စ အလို့ငှာ ခန့်အပ်ထားသော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ လယ်ယာမြေဥပဒေပုဒ်မ ၁၉ အရ ဆောင်ရွက်သွားရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပုဒ်မ ၁၉ ပါ ပြစ်ဒဏ်များအား လိုက်နာ ဆောင်ရွက်ခြင်းမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့အရ ထပ်မံအရေးယူ ဆောင်ရွက်သွားမည်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့မေးမြန်းတဲ့ လယ်ယာမြေများကို သိမ်းဆည်းကာရုံထားရှိ ပြီးတော့ စိုက်ပျိုးရေးလုပ်ငန်းမလုပ်ဘဲ အရောင်းအဝယ်ကိစ္စအတွက် ရည်ရွယ်ဆောင်ရွက်နေခြင်း များ သည် ဝေါမြို့နယ် တစ်မြို့နယ်သာမဟုတ်ဘဲနဲ့ နိုင်ငံတစ်နံတစ်လျားမှာရှိတဲ့ မြို့ရွာအားလုံးများမှာ လက်ရှိတွေ့မြင်နေရတဲ့ မြင်ကွင်းအနေအထားဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင် ဖွဲ့စည်းထားသည့် နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ကြီးကြပ် ကွပ်ကဲမှုဖြင့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်မှ ဥပဒေ၊ နည်းဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့် အညီဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ ဦးတင်ထွေး ပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ အခုနက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ ကန်နဲ့ ပတ်သက်ပြီးတော့ မပါပါဘူး။ ကျွန်တော်တို့မြို့နယ်မှာ နည်းနည်းလေးမြို့နဲ့အလှမ်းဝေး၊ လမ်းနဲ့အလှမ်း ဝေးတဲ့နေရာတွေမှာ လယ်တွေဟာ ကန်တွေတော်တော်များများဖြစ်ကုန်ပါပြီ။ အခုနက ကျွန်တော် တင်ပြသွားသလိုပဲ အဲဒီကန်တွေနဲ့ပတ်သက်ပြီးတော့ အခု စာရင်းကို ဒုတိယဝန်ကြီးတို့က နယ်က တောင်းလို့ ပေးတဲ့စာရင်းတွေမှာ သူတို့တင်ပြထားတာမရှိဘူးလို့ ကျွန်တော် အဲဒီလိုပဲထင်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒါလေးကိုလည်း ထိရောက်စွာအရေးယူနိုင်ရေးအတွက် ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့မြို့နယ်ဟာ ငါးကန်မွေးတဲ့လူဆိုတာ တော်တော်လေးနည်းပါတယ်။ ဒါပေမဲ့လို့ မရှိဘဲနဲ့ အခု အဲဒီလိုလယ်တွေဝယ်ပြီးတော့မှ ကန်တွေဖြစ်လာပြီးတော့ မြေကြီးတွေကို ရောင်းစားနေကြတာ တွေ့ရတာဖြစ်ပါတယ်။ နောက်တစ်ချက်က ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ အရ ဝေါမြို့နယ်မှာ အရေးယူဆောင်ရွက် ခဲ့တယ်ဆိုတဲ့အမှုဟာ လုံးဝမရှိပါဘူး။ အခု ကျွန်တော် ဒီမေးခွန်းကို

မေးတယ်ဆိုတဲ့အခါမှ သူတို့အမှုတွဲတွေလုပ်တယ်ဆိုတာကိုလည်း ကျွန်တော် ကြားလာပါတယ်။ အဲဒီတော့ ပုဒ်မ ၁၉ အရ အရေးယူ ဆောင်ရွက်ခြင်းမရှိတဲ့အခါကျတော့ အဲဒီမရှိခြင်းအပေါ်မှာ မလိုက်နာလို့ တရားရုံးမှာ တရားစွဲတဲ့အမှုလည်း တစ်မှုမှမရှိပါဘူး။ ဒါကြောင့်မို့လို့ သူတို့စာရင်းဇယားအရ တချို့ကိစ္စတွေမှာ တင်ပြတဲ့အပေါ်မှာ ဝန်ကြီးဌာနအနေနဲ့ ဒါလေးကိုတော့ သေသေချာချာ စောင့်ကြည့်ပြီးတော့မှ ဟုတ်လား/မဟုတ်လားဆိုတာလေးကို လေ့လာသင့်ပါတယ်လို့ ကျွန်တော် လေးစားစွာဖြင့် ထပ်ဆင့်မေးခွန်းမေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုနက လယ်ယာမြေဥပဒေနဲ့ပတ်သက်လို့ ပုဒ်မ ၁၂ နဲ့ငြိစွန်းလို့ရှိရင် ပုဒ်မ ၁၉ နဲ့အရေးယူမယ်။ အခုနက အရေးယူရမှုဆက်ပြီးလုပ်တယ်ဆိုရင် ပုဒ်မ ၃၀၊ ၃၁ စသည်ဖြင့် အရေးယူမယ်ဆိုတာ ဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံဖြေကြားပြီးပါပြီ။ အရေးယူမယ့်ကိစ္စတွေမှာ လယ်ယာမြေကို ပြောင်ပြောင်တင်းတင်း ဥပဒေချိုးဖောက်တဲ့ကိစ္စမှန်သမျှဟာ ကန်ပဲဖြစ်ဖြစ်၊ ယာပဲဖြစ်ဖြစ်၊ လယ်ပဲဖြစ်ဖြစ် ဒါ အကုန်အကျုံးဝင်ပါတယ်။ ဒါကြောင့်မို့လို့ အခုနက တစ်ဆက်တစ်စပ်တည်း မေးခွန်းနဲ့ပတ်သက်လို့ကတော့ ဝန်ကြီးဌာနက ပြည့်ပြည့်စုံစုံဖြေကြားပြီးဖြစ်တဲ့အတွက် ဒါလေးကိုတော့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးအနေနဲ့ မှတ်ယူစေချင်ပါတယ်။

**ပြုပြင်ထိန်းသိမ်းရန်လိုအပ်နေသော ကင်းတားဘက်စုံရေလှောင်တမံကြီးအား ဆည်တမံနှင့် ရေလွှဲဆည်၊ ရေသောက်စနစ် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် စီမံကိန်း၊ စီမံချက်များဖြင့် ပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ဖြစ်ပါတယ်။ ကျွန်တော် ယခုမေးမယ့်မေးခွန်းက အင်မတန်ကြီးမားလှတဲ့ ဘက်စုံရေလှောင်တမံကြီးတစ်ခုလုံးအတွက် မေးမှာဖြစ်ပါတယ်။ မြို့နယ်ခုနစ်မြို့နယ်တွေက ပြည်သူတွေနဲ့ သက်ဆိုင်ပြီးတော့ ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးအစိုးရနှစ်ခု၊ ဝန်ကြီးဌာနအနည်းဆုံးသုံးခုနှင့် တိုက်ရိုက်ပတ်သက်နေတဲ့ ဘက်စုံရေလှောင်တမံကြီးနဲ့ပတ်သက်ပြီး မေးမှာဖြစ်ပါတယ်။ မြို့နယ်ခုနစ်မြို့နယ်သာမကဘဲနဲ့ တစ်နိုင်ငံလုံးအတွက် အရေးပါလှတဲ့နိုင်ငံ့တတိယအကြီးဆုံး ဘက်စုံရေလှောင်တမံကြီးတစ်ခုလုံးကို ဒီမေးခွန်းထဲမှာထည့်သွင်းမေးမြန်းထားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်း

မူကြမ်း

ဟာ အင်မတန်အရေးကြီးတယ်လို့ ယူဆတဲ့အတွက် ယခုနှစ်ဘဏ္ဍာနှစ်မှာ လုပ်မပေးနိုင်ရင်တောင်မှ နှစ်အလိုက် ဦးစားပေးဆောင်ရွက်စေချင်ပါတယ်ဆိုတဲ့အကြောင်း ဦးစွာပထမပြောကြားလိုပါတယ်။ ကင်းတားဘက်စုံစီမံကိန်းကြီးကို ၁၉၈၁ ခုနှစ်ကစတင်ခဲ့ပြီးတော့ ၁၉၉၀ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ၂၅ နှစ်သက်တမ်းရှိပြီဖြစ်တဲ့ ကင်းတားဘက်စုံရေလှောင်တမံကြီးက အစမှအဆုံးပြုပြင်ထိန်းသိမ်းမှု အားနည်းခဲ့ပါတယ်။ မူလအစ ရေကိုစုဆောင်းတဲ့ရေဆင်းဧရိယာ(Catchment Area) မှာ ရှမ်းပြည်နယ်က ရွာငံမြို့နယ်၊ ကလောမြို့နယ်ပါပါတယ်။ မန္တလေးတိုင်းဒေသကြီးက သာစည်မြို့နယ် ပါပါတယ်။ အဲဒီမြို့နယ်က သစ်တောတွေဟာ ယခင်ကာလက အဆမတန်သစ်တွေခုတ်ခဲ့တော့၊ သစ်တောပြုန်းတီးခဲ့တော့ အကျိုးဆက်အနေနဲ့ မိုးရွာနုန်း၊ မိုးရေချိန်တွေနည်းလာခဲ့တယ်။ ကန်ထဲရေ အဝင်နည်းလာခဲ့ပါတယ်။ ပြီးလို့ရှိရင် သစ်တောပြုန်းတီးတဲ့အတွက်ကြောင့်မို့လို့ ဒီအမှိုက်တွေ၊ နုန်းတွေကို မထိန်းသိမ်းနိုင်တဲ့အတွက်ကြောင့်မို့လို့ တမံထဲမှာ အနည်ထိုင်တဲ့နုန်းတွေ ပိုပြီးမြင့်တက် လာခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီတမံကြီးကို ထိန်းသိမ်းဖို့အတွက် ဒီ Catchment Area မှာရှိတဲ့ သစ်တွေအဆမတန် ဥပဒေမဲ့ထုတ်လုပ်နေတာကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရတွေနဲ့ ဝန်ကြီးဌာနတွေ ပူးပေါင်းကြပ်မတ်ကာ ထိထိရောက်ရောက်အရေးယူကာကွယ်သင့်ပါပြီ။ နောက်ပြီး တော့ ဒီတမံကြီးကိုလည်း ဆက်လက်ပြီးတော့ ဒီတမံကြီးက ကြီးမားတဲ့အတွက် ထိန်းသိမ်းစေချင်ပါ တယ်။

အထူးသဖြင့် ပြီးခဲ့တဲ့ကာလတုန်းက ငလျင်လှုပ်တဲ့ဒဏ်မျိုး၊ နောက် ရေကြီးရေလျှံတဲ့အခါ ခိုင်မာမှုရှိ/မရှိ သဘာဝဘေးအန္တရာယ်ကို ဒဏ်ခံနိုင်မှုရှိ/မရှိကို သေချာစစ်ဆေးပြီးတော့ ကြံ့ခိုင်မှုကို ထိန်းသိမ်းပေးစေလိုပါတယ်။ ဘက်စုံရေလှောင်တမံလို့ခေါ်တွင်တဲ့အတိုင်းပဲ ဒီတမံမှာ ရေပေးဝေမှု အပြင် လျှပ်စစ်ဓာတ်အားထုတ်တဲ့ Peak Station တစ်ခုရှိပါတယ်။ ဒီ Power House မှာသုံးနေတဲ့ တာပိုင်နေကစပြီးတော့ အစစအရာရာ ပြုပြင်ထိန်းသိမ်းဖို့(Upgrade) လုပ်ဖို့ကိုလည်း စဉ်းစားပေး စေလိုပါတယ်။ နောက် ရေဖြန့်ဝေပေးရာမှာ အင်မတန်အရေးကြီးတဲ့ Weir ကင်းတားလေးလို့ခေါ်တဲ့ ရေလွှဲဆည်ကလည်း ထိန်းသိမ်းဆယ်ယူမှုတွေ မပြုလုပ်ခဲ့တာကြာတဲ့အခါကျတော့ နုန်းကျပြီးတော့ ဆီမီးတိုင်လိုအပင်တွေပေါက်ပြီးတော့ ရေသိုလှောင်တဲ့ပမာဏ၊ ရေထိန်းနိုင်တဲ့ပမာဏနည်းလာပြီး တော့ အကျိုးဆက်အနေနဲ့ ရေအပြည့်အဝ ပေးရမယ့်အချိန်ဆိုလို့ရှိရင် အခက်အခဲတွေရှိလာပါတယ်။ ဒါကြောင့်မို့လို့ ဒီ Weir ကိုလည်း ဆယ်ယူထိန်းသိမ်းပေးစေချင်ပါတယ်။ နောက် ကင်းတားလေးကနေ ပြီးတော့ မြို့နယ်လေးခုကို ရေပေးဝေနေတဲ့ရေသောက်စနစ်၊ ရေပေးစနစ်သုံးခုရှိပါတယ်။ လက်ဝဲ၊

လက်ယာ၊ ပန်းလောင် ဒီရေသောက်စနစ်တွေကလည်း Main Canal ကနေစပြီးတော့ ဟိုးအောက်ဆုံး လက်တံခွဲမြောင်းအထိ စနစ်တစ်ခုချင်းစီ အပိုင်းလိုက်အပိုင်းလိုက် ပြီးပြတ်အောင် ပြုပြင်ထိန်းသိမ်းဖို့ လိုအပ်နေပါပြီ။ အထူးသဖြင့် ရေသောက်စနစ်သုံးခုထဲမှာ ပန်းလောင်နဲ့ ဆမာရေသောက်စနစ်ကြီးအား အထူးထိန်းသိမ်းဖို့ အလွန်လိုပါပြီ။ ကိုယ်ကျိုးကြည့်ပြီးတော့ သဲတွေအဆမတန်ထုတ်ယူတဲ့သူတွေ ကြောင့်ရော၊ ဒီရေသောက်စနစ်ကို မထိန်းသိမ်းတဲ့အတွက်ကြောင့်မို့လို့ ရေဖောတွေကအပေါ်မှာ ကျန်ခဲ့ပြီးတော့ တောင်သူတွေ ရေမရ၊ ရေမဝဖြစ်ကြရပါတယ်။ အထူးသဖြင့် မယ်ဇယ်ပင်သာမြောင်း ဆိုရင် ရေမလာတာ ဆယ်စုနှစ်တစ်ခုလောက်နီးပါးရှိနေပြီလို့ တောင်သူတွေ ညည်းတွားသံကြားနေရပါ တယ်။ ထို့အတူ လက်ယာ၊ လက်ဝဲရေသောက်စနစ်တွေကိုလည်း အစအဆုံးပြုပြင်ထိန်းသိမ်းဖို့ တောင်းဆိုအပ်ပါတယ်။ အထက်ပါအကြောင်းများကြောင့် မြို့နယ်ခုနစ်ခုမှ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ အစမှအဆုံးပြုပြင်ထိန်းသိမ်းရန်လိုအပ်နေ သော ကင်းတားဘက်စုံရေလှောင်တမံကြီးအား ရေးဆင်းဧရိယာ သို့မဟုတ် ရေဖမ်းဧရိယာ၊ ရေဝေ ရေလဲဧရိယာ၊ ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေပေးမြောင်း၊ လက်တံမြောင်း၊ လက်တံခွဲမြောင်းအထိ ဆည်တမံနဲ့ ရေလွှဲဆည် ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေသောက်စနစ်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စီမံကိန်း၊ စီမံချက်များဖြင့် အစအဆုံးပြုပြင်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ၊ ဆောင်ရွက်ရန်အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် မည်သို့ဆောင်ရွက်မည်နည်း။ ဆောင်ရွက်ရန်မရှိပါက အဘယ် ကြောင့်နည်းဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ ကျေးဇူးပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်မှာရှိတဲ့ ကင်းတားဘက်စုံရေလှောင်တမံကြီးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တမံဆက်စပ် ရေအားအဆောက်အဦ

များနှင့် ကန်ရေဝပ်ဧရိယာတို့ကိုသာ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပြီးတော့ ရေဝေရေလဲသစ်တော ဧရိယာများ ထိန်းသိမ်းခြင်းနှင့် ရေဝေရေလဲဧရိယာအတွင်း မြေအသုံးချမှုစီမံခန့်ခွဲခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် သစ်တောဦးစီးဌာနတို့မှ တာဝန်ယူထိန်းသိမ်းစီမံ ဆောင်ရွက်လျက်ရှိပါတယ်။ ကင်းတားရေလှောင်တမံမှာ စိုက်ပျိုးရေပေးဝေရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရန်အတွက် စံချိန်စံညွှန်းပြည့်မီအောင် တည်ဆောက်ခဲ့သော ဘက်စုံရေလှောင်တမံတစ်ခု ဖြစ်ပြီးတော့ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို လိုအပ်သလိုဆောင်ရွက်လျက်ရှိသဖြင့် နောင် ရေရှည်ကြံ့ခိုင်မှုအတွက် လုံခြုံစိတ်ချရသောအခြေအနေမှာတည်ရှိပါတယ်။ ကင်းတားရေလှောင်တမံ မှ ရေအားလျှပ်စစ်ထုတ်လုပ်ရင်းနဲ့ ထုတ်လွှတ်လိုက်တဲ့ရေများကို အောက်ဘက်ရှိ ကင်းတားရေလွှဲ ဆည်မှ ထိန်းသိမ်းသိုလှောင်ပြီးတော့ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးနှင့် ပန်းလောင် ရေသောက်စနစ်များဖြင့် စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ တည်ဆောက်ခဲ့သည့်နှစ်ကာလကြာမြင့် လာသည်နှင့်အမျှ ကင်းတားရေလွှဲဆည်အထက်ဘက်တွင် သဲနုန်းများပို့ချမှုကြောင့် ရေလွှဲဆည်၏ မူလရေလှောင်ပမာဏ ၁၈၂၄ ဧကပေမှနေ၍ ၉၀၀ ဧကပေခန့်သာ သိုလှောင်နိုင်သည်အထိ လျော့ကျလာခဲ့သည့်အတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ နှစ်အလိုက်ရန်ပုံငွေခွဲဝေ ရရှိမှုအခြေအနေအရလည်းကောင်း၊ နွေစပါးစိုက်ပျိုးရေပေးဝေပြီးနောက် မကြာခင် ဆက်လက်ပြီး မိုးကြိုသီးနှံရေပေးဝေရသဖြင့် လုပ်ငန်းဆောင်ရွက်ရန် အချိန်တိုကာလဖြစ် သဖြင့်လည်းကောင်း၊ ရေလွှဲဆည် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင် ခဲ့ခြင်းမရှိခဲ့သဖြင့် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာစိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့များ၊ တောင်သူလယ်သမားများနှင့် လိုအပ်သည့်ပေါင်းစပ်ညှိနှိုင်းမှုများ စီမံဆောင်ရွက် သွားရမည်ဖြစ်ပါတယ်။

ကင်းတားရေသောက်စနစ်မှာ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးနှင့် ပန်းလောင် ရေသောက်စနစ်များပါဝင်ပြီးတော့ စုစုပေါင်း တူးမြောင်းမကြီး အလျား ၁၅၁ မိုင်၊ လက်တံမြောင်းနှင့် မြောင်းခွဲအလျား ၄၀၆ မိုင်ရှိပါတယ်။ တူးမြောင်းများမှာ ရှည်လျားပြီးတော့ ရေသောက်ဧရိယာမှာ ကျယ်ပြန့်သောကြောင့် ရေလှည့်ဇယားရေးဆွဲ၍ ရေပေးဝေလျက်ရှိရာမှာ တောင်သူများမှ လယ်ကြား မြောင်းတူးဖော်၍ ရေမယူဘဲ ခွက်ဆင့်သောက်စနစ်ဖြင့်သာ ရေရယူနေသောကြောင့် ရေပေးဝေမှု အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ရေပေးမြောင်းများအား ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေရရှိမှု အပေါ်မှာမူတည်ပြီးတော့ ထိန်းသိမ်းပြုပြင်လျက်ရှိသော်လည်း ရေပေးမြောင်းများတွင် ပင်းတား

**မူကြမ်း**

များပိတ်၍ ရေယူခြင်း၊ တူးမြောင်းအတွင်းသဲထုတ်ခြင်း၊ နွေသီးနှံနှင့် မိုးသီးနှံ တစ်ဆက်တည်းရေပေး ဝေရသဖြင့် တူးမြောင်းများပြုပြင်ရန် လုပ်ငန်းကာလတိုတောင်းခြင်းများကြောင့် ရေပေးမြောင်းနှင့် ရေပေးအဆောက်အဦများ ပိုမိုပျက်စီးရမှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကင်းတားရေသောက်စနစ်အတွင်းမှာ ရေပေး ဝေမှုစနစ် ပိုမိုကောင်းမွန်စေရေးအတွက် ပြုပြင်ဆောင်ရွက်ရမည့်လုပ်ငန်းများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ လုပ်ငန်း ၈၅ ခုဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကျပ်သန်း ၅၂၂၆.၅ သန်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လုပ်ငန်း ၄၅ ခုဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ရန်ပုံငွေကျပ် ၂၂၁၉.၇၄ သန်း စုစုပေါင်းလုပ်ငန်း ၁၃၀ အတွက် လိုအပ်ရန်ပုံငွေကျပ် ၇၄၄၆.၂၄ သန်းအား မန္တလေးတိုင်းဒေသ ကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတသီးသန့်ရန်ပုံငွေအဖြစ် တင်ပြတောင်းခံပြီး ဆောင်ရွက်နိုင်ရန် စီမံ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကင်းတားရေလှောင်တမံ၏ ရေဆင်းဧရိယာများ၊ ရေဝေရေလဲ သစ်တောဧရိယာများ မပြုန်းတီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများမှာ တိုင်းဒေသကြီး အစိုးရနှင့် သစ်တောဦးစီးဌာနတို့မှ စီမံဆောင်ရွက်လျက်ရှိတဲ့လုပ်ငန်းဖြစ်ပြီးတော့ ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆည်ရေသောက်စနစ်များကို ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့်ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်းစဉ်များကို ရန်ပုံငွေရရှိမှုအပေါ်မှာ အခြေခံပြီးတော့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ငွမြို့နှင့် မကျီးငူကျေးရွာကြား ချောင်းကိုတံတားထိုးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ငွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ငွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ငွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၂၂)ရက်မြောက်နေ့မှာ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ငွမြို့နှင့် မကျီးငူကျေးရွာကြားချောင်းကို တံတားထိုးပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ငွမြို့နှင့် မကျီးငူကျေးရွာကြား ပင်လယ်ဝ

ချောင်းသည် ပေ ၁၁၀၀ ကျယ်ဝန်းပြီးတော့ ရေတက်ရင် ပေ ၁၃၀၀ အထိ ကျယ်ဝန်းပါတယ်။ ပင်လယ်ဝဖြစ်သည့်အတွက် လှိုင်းကြီးပါတယ်။ အခုလို မိုးတွင်းကာလမှာဆိုရင် လေတိုက်လို့ရှိရင် လှိုင်းကြီးတဲ့အတွက် မကူးနိုင်ဘဲနဲ့ ရပ်ပြီးတော့ ကြည့်နေရပါတယ်။ အရဲစွန့်ပြီးတော့ ကူးမယ်ဆိုရင်လည်း မဖြစ်နိုင်ပါဘူး။ အင်မတန်အန္တရာယ်များပါတယ်။ ဒီချောင်းကို တရုတ်နီ ၇ ပေါင် ၁ မတ် စက်တပ်ထားတဲ့ ပဲ့ထောင်လှေကိုသာ အားထားပြီး ကူးနေရတာဖြစ်ပါတယ်။ တစ်ရက်ကို လူ ၂၀၀ မှ ၃၀၀ ခန့်အထိ ခန့်မှန်းခြေ နေ့စဉ် အသွားအပြန် ကူးနေရတာဖြစ်ပါတယ်။ ကလေး၊ လူကြီး၊ ကိုယ်ဝန်ဆောင်မိခင်၊ ရဟန်း၊ သံဃာများ၊ ကျွဲ၊ နွားများ၊ ဆိုင်ကယ်များအားလုံးက ရောပွမ်းပြီးကူးနေရတာဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ အခက်အခဲရှိပါတယ်။ ဒီချောင်းရဲ့ တစ်ဖက်ကမ်းမှာဆိုရင် ကျေးရွာအုပ်စု လေးစု၊ ကျေးရွာပေါင်း ၂၅ ရွာ၊ အိမ်ခြေ ၃၂၈၂ အိမ်နဲ့ လူဦးရေ ၁၄၁၈၂ ဦး နေထိုင်ကြပါတယ်။ ဒေသထွက်ကုန်များအဖြစ် အုန်းသီး၊ အုန်းသား၊ ငါး၊ ပုစွန်၊ ရေခဲငါး၊ ငါးပိ၊ ငါးခြောက်စသည်ဖြင့် စုံစုံလင်လင် ထွက်ရှိရာဒေသဖြစ်ပါတယ်။ ဒီချောင်းကို တံတားထိုးပေးမည်ဆိုပါက ကမ်းခြေပတ်လမ်းတစ်ခုရလာပြီး ဂွ-ငသိုင်းချောင်းလမ်းထက် ခရီးမိုင်ပိုတိုတဲ့ အကွေ့အဝိုက်၊ အတက်အဆင်းမရှိတဲ့မြေပြင်ကမ်းခြေပတ်လမ်းတစ်ခု ရလာနိုင်ပြီးတော့ ကမ်းခြေလုံခြုံရေး၊ နိုင်ငံလုံခြုံရေးကိုလည်း အထောက်အကူဖြစ်လာမှာဖြစ်ပါတယ်။ ပြီးတဲ့နောက် ချောင်းရဲ့တစ်ဖက်ကမ်း ကမ်းသာယာ၊ ချောင်းသာ၊ ငွေဆောင်တို့ရဲ့ကြားမှာ ဒီဒေသတွေက တစ်ဆက်တစ်စပ်တည်းဖြစ်ပြီးတော့ ဟိုတယ်ခရီးလုပ်ရာ၌ အင်မတန်မှ သင့်တော်တဲ့ဒေသဖြစ်ပါတယ်။ ဟိုတယ်ခရီးလုပ်ငန်းဖြစ်လာမယ်ဆိုလို့ရှိရင်လည်း ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်ပြီးတော့ ဒေသလည်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီချောင်းကို တံတားထိုးပေးဖို့အစီအစဉ်ရှိ/မရှိ၊ တံတားထိုးပေးဖို့အစီအစဉ်ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ထိုးပေးမည်။ အကယ်၍ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိလိုပါသဖြင့် ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းသိန်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဝေရဲ့

ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ဝေမှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ဖြင့်ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီးတော့ မေးမြန်းတဲ့မေးခွန်းအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းဆိုတဲ့ ရခိုင်ပြည်နယ်၊ ဂွမြို့နယ်နှင့် မကျီးငူကျေးရွာ ဆက်သွယ်မည့် ဂွချောင်းကူးတံတားဟာ ဂွမြို့နယ်ရဲ့အနောက်ဘက်မှာတည်ရှိပြီးတော့ ကွန်ကရစ်တံတားတစ်စင်းအဖြစ်တည်ဆောက်ပါက အရှည်ပေ ၁၂၀၀ အရှည်တည်ဆောက်ရမှာဖြစ်ပါတယ်။ ဒီတော့ ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့အတိုင်းအတာဖြစ်တဲ့ ချောင်းကူးတံတား ပေ ၃၀၀ အရှည်အထက် တံတားကြီးဖြစ်ပါသဖြင့်အသေးစိတ်ကွင်းဆင်းပြီး Soil Test ပြုလုပ်ပြီးတော့ နည်းပညာကျွမ်းကျင်သည့်အင်ဂျင်နီယာ များမှ Structure Design တွက်ချက်ရေးဆွဲရန်လိုအပ်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တံတားတည်ဆောက်ရေးအတွက် တံတားအထူးအဖွဲ့နှင့်အထောက်အကူပြုပစ္စည်းများမရှိပါသောကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနှင့်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နက်မော် ကျေးရွာတွင် ချောင်းကမ်းပါးပြိုကျနေမှုများနှင့်ပတ်သက်၍ ကမ်းထိန်းနံရံပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ် တောင်ကုတ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မမေးမြန်း လိုတာကတော့ တောင်ကုတ်မြို့နယ်အတွင်းမှာရှိတဲ့ ကိုင်းရှည်ရွာနှင့်နက်မော်ရွာတို့မှာ ချောင်းကမ်းပါး ကပြိုကျနေမှုများနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရကနေပြီးတော့ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နှင့်ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ တောင်ကုတ်မြို့နယ်ဟာဆိုလို့ရှိရင်တောင်ကုတ်ချောင်းရဲ့ တောင်ဘက်မှာရှိတဲ့မြို့ဖြစ်ပါတယ်။ မြို့ရဲ့တစ်ဘက်ကမ်းမှာဆိုရင်လည်းကိုင်းရှည်ရွာနဲ့ရွာချင်းနီးစပ်နေတဲ့ နက်မော်ရွာတည်ရှိပါတယ်။ နက်မော်ရွာမှာဆိုရင် အိမ်ခြေ ၅၀၀ ခန့်

နေထိုင်ပြီးတော့ ကိုင်းရှည်ရွာမှာဆိုလို့ရှိရင်လည်း အိမ်ခြေ ၁၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ နောက်ပြီးတော့ ကိုင်းရှည်ရွာမှာဆိုရင် တောင်ကုတ်ကောလိပ်ကိုဖွင့်လှစ်ထားရှိပြီးတော့ တောင်ကုတ်မြို့နှင့်တံတားတစ်စင်းသာခြားထားသောရွာကြီးတစ်ရွာလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရွာကြီးတွေဟာ မြို့ရဲ့တစ်စိပ်တစ်ပိုင်းဆိုရင်လည်း မမှားပါဘူး။ အခုလက်ရှိအဲဒီရွာနှစ်ရွာမှာ နှစ်စဉ်နှစ်တိုင်း တောင်ကုတ်ချောင်းရဲ့ ရေကြီးရေလျှံမှုတွေကြောင့် ချောင်းကမ်းပါးပြိုကျနေမှုများနှင့် ရင်ဆိုင်နေရပါတယ်။ အဲလိုဖြစ်တဲ့အခါတိုင်းမှာလည်း ကျွန်မတို့ဒေသခံတွေဟာ အိုးမဲ့အိမ်မဲ့ဘဝကို ကြုံတွေ့ခံစားခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဲဒီသဘာဝဘေးတွေကြောင့် ဘာသာရေးဆိုင်ရာသာသနိကအဆောက်အဦသိမ်ကျောင်းတွေကလည်း ပြောင်းရွှေ့ပြေးကြရတဲ့အထိ ယခင်နှစ်တွေကဖြစ်ခဲ့ပါတယ်။ ဒါဟာဆိုရင်လည်း အင်မတန်မှ ဆိုးရွားတဲ့ဖြစ်ရပ်ကြီးဖြစ်ပါတယ်။ ၁၁-၆-၂၀၁၆ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုတွေကြောင့် အဲဒီရွာနှစ်ရွာမှာ ချောင်းကမ်းပါးပြိုကျနေမှုများတွေဟာ ဆက်လက်ဖြစ်ပွားပြီးတော့ ချောင်းနဲ့အနီးစပ်ဆုံးနေထိုင်သူတွေဟာ နီးစပ်ရာအိမ်တွေမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပါတယ်။ ဒီအခြေအနေကို ကျွန်မ Power Point ဖြင့်တင်ပြပါမယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါဟာဆိုလို့ရှိရင် ကျွန်မတို့ ကိုင်းရှည်ရွာရဲ့ ရေမကြီးခင်တုန်းက ကမ်းပါးအခြေအနေဖြစ်ပါတယ်။ ဒါဟာဆိုရင် နတ်မော်ချောင်းရဲ့ ကမ်းပါးအခြေအနေဖြစ်ပါတယ်။ ဒီချောင်းဟာဆိုလို့ရှိရင်တော့ ကျွန်မတို့ ရေခန်းလို့ရှိလို့ရှိရင် ဘောလုံးပွဲတောင် ကျင်းပလို့ရတဲ့အခြေအနေ သောင်တွေထွန်းပြီးတော့ တော်တော့ကို ဆိုးရွားတဲ့အခြေအနေဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ၁၁-၆-၂၀၁၆ ရေကြီးပြီးတဲ့အခါမှာ ကမ်းပါးဆက်ပြီးတော့ ပြိုကျနေတဲ့ မှတ်တမ်းဓာတ်ပုံပဲဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်မတို့ ရေကြီးပြီးနောက် မှတ်တမ်းဓာတ်ပုံတွေပဲဖြစ်ပါတယ်။ ဒါကလည်း ကျွန်မတို့ ရေကြီးပြီးတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ ဒါဟာဆိုလို့ရှိရင်လည်း ကျွန်မတို့ ရေကြီးပြီးတဲ့နောက်မှာ အိမ်အလုံးလိုက်ဆင်းသွားတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကလည်း ကျွန်မတို့ ကမ်းပါးရှေ့မှာ အများကြီးပြိုကျသွားပြီးပါပြီ။ ဒါနောက်ထပ်ဆက်ပြီးတော့ ပြိုကျသွားတဲ့ပုံပဲဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ကျွန်မတို့တောင်ကုတ်မြို့နယ်အတွင်းမှာရှိတဲ့ ကိုင်းရှည်ကျေးရွာနှင့် နတ်မော်ကျေးရွာအတွင်းမှာ ချောင်းကမ်းပါးပြိုကျနေမှုများနဲ့ ပတ်သက်ပြီးတော့ ကမ်းထိန်းနံရံ ပြုလုပ်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့် ရှိမယ်ဆိုပါက မည်သည့်အချိန်တွင် ပြုလုပ်ပေးမည်နည်း။ မရှိဘူးဆိုပါက

အဘယ်ကြောင့်နည်းကို သိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်လို့ ကျွန်တော် ရခိုင်ပြည်နယ် အစိုးရ အဖွဲ့ရဲ့ကိုယ်စား ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ တောင်ကုတ်မြို့နယ်အတွင်းရှိ ကိုင်းရှည်ကျေးရွာနှင့် နက်မော်ကျေးရွာ တို့ရှိ ချောင်းကမ်းပါးပြိုကျနေမှုကို ကာကွယ်သည့် လုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ၌ ပါဝင်ထားခြင်း မရှိသေးပါကြောင်းနှင့် ကွင်းဆင်းတိုင်းတာစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်မည်ဖြစ်ပြီး ဆောင်ရွက်သင့်သည့် လုပ်ငန်းဖြစ်ပါက ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်နယ် အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်း လျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက် ပေးသွားမည်ဟု ဖြေကြားထားပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်ကိုင်းမြို့နယ်၊ တင်းတိပ်-ပဒူလမ်းအရှည် ၈ မိုင် ၅ ဖာလုံ ရှိလမ်းအား ပြုပြင်ပေးရန်နှင့် ပျက်စီးနေသော ရေကျော်နှင့် Box Culvert များအား တည်ဆောက်ပေးရန်နှင့်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(စစ်ကိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်း ဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြို့ပြနှင့်ကျေးလက် ဆက်သွယ်ထားတဲ့ စစ်ကိုင်းမြို့နှင့် ကျေးလက်ဖြစ်တဲ့ တင်းတိပ်တိုက်နယ်၊ ပဒူတိုက်နယ် နှစ်တိုက်နယ်ဆက်သွယ်ထားတဲ့

ကျေးလက်ဖွံ့ဖြိုး ရေး တောင်သူကုန်ထုတ်လမ်းဖြစ်ပါတယ်။ အကျိုးပြုတဲ့ရွာတွေကတော့ စာရေးရွာ၊ ကျောက်ပန်းရွာ၊ ရွာသစ်ရွာ၊ ကံကြီးကုန်းရွာ၊ ပဒူရွာတို့ကို အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ရေကျော်များနှင့် တကွ ဆိုးဆိုးရွားရွားပျက်စီးနေလို့ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေးတို့ဆောင်ရွက်ရာ မှာ လမ်းမကောင်းတဲ့အတွက် ဖင့်နွှေးကြန့်ကြာခြင်း တွေဖြစ်ပေါ် နေပါတယ်။ ဒါကြောင့် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်မှ စာရေးရွာအထိ ငါးမိုင်ခန့် စာရေးမှ ပဒူရွာအထိ ရှစ်မိုင်ခန့်လမ်းအား ပြုပြင်ပေး ပါရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခဲ့ရာမှာ သက်ဆိုင်ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးကနေပြီးတော့ စုစုပေါင်းတွက်ချက်မှု ၂၁.၂၁ သန်း၊ Box Culvert တစ်ခုတည်ဆောက်ခြင်း အတွက် ၃.၂ သန်းကုန်ကျမည်ဖြစ်ကြောင်း တင်းတိပ်- ပဒူကျေးရွာချင်းဆက်လမ်းအား ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ အသေးစိတ် ကွင်းဆင်း တိုင်းတာတွက်ချက်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ သို့သော်လည်း ပဲ အခုအချိန်ထိ ပြုပြင် ဆောင်ရွက်ပေးခြင်း မရှိသေးဘဲ လမ်းများ၊ ရေကျော်၊ Box Culvert များ ဆိုးရွား စွာပျက်စီးယိုယွင်းနေပါ၍ ယခုမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

မေးခွန်းကတော့ စစ်ကိုင်းမြို့နယ်အတွင်း ပျက်စီးနေတဲ့ တင်းတိပ်- ပဒူလမ်းအား အစိုးရသစ် လက်ထက်တွင် ပြုပြင်ပေးရန်နှင့် ပျက်စီးယိုယွင်းနေသော ရေကျော်၊ Box Culvert များအား တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိလျှင် မည်သည့် အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစား စွာမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပဉ္စမမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးခင်မောင်သိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ စစ်ကိုင်းတိုင်းဒေသကြီး မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၀၇.၂၈၂ သန်းဖြင့် ကတ္တရာလမ်း ၇ မိုင် ၇ ဖာလုံ၊ ကျောက်ချောလမ်း ၃ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၂ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်တံတား တစ်စင်းနှင့် ရေကျော် ၁၄ စင်းတို့အား လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းထားတဲ့ တင်းတိပ်-ပဒူကျေးရွာချင်းဆက်လမ်း ၁၃ မိုင်ရဲ့ ပျက်စီးလျက်ရှိတဲ့လမ်းပိုင်းများနှင့် ရေကျော်၊ ရေပြွန်၊ Box Culvert ပြုပြင်ခြင်းလုပ်ငန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ပွင့်လင်းရာသီတွင် ပြုပြင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ သက်ဆိုင်ရာဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က တင်သွင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း(၇) ပုဒ်မ ၂၁(က)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၂၂-၈-၂၀၁၆ ရက်နေ့) မှာ တင်သွင်းသွားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား

တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ်ကိုးဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ခင်ဗျား။ ကျွန်တော် ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုဦး ဖြစ်ပါတယ်။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၏အဆိုဖြစ်တဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည် သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၀)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၇) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏သက်တမ်း၌ ဖော်ပြထားသည့် ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)တွင် ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့်လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပါတယ်။ ဤအခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)ပါ သတ်မှတ်ချက်ကို အဆိုရှင်အနေဖြင့် ကိန်းဂဏန်းများတွက်ချက်၍ အချိန်ကာလသတ်မှတ်ချက်ကို တိကျစွာရည်ညွှန်းစေလိုသည်ကို ရှင်းလင်းတင်ပြခဲ့တာ တွေ့ခဲ့ရပါတယ်။ ဒီနေရာမှာ အချိန်ကာလသတ်မှတ်ချက်ကို တိကျစွာရည်ညွှန်းရန် ကျွန်တော့်အနေနဲ့ လိုအပ်မည်လို့ မထင်ပါ။ ဘာကြောင့်လဲဆိုတော့ ပြဋ္ဌာန်းချက်တွင် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ကိုဆိုထားပြီးဖြစ်၍ လစဉ်ဆိုသောစကားရပ်သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်နေသူများသည် စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစ၍ တာဝန်ပြီးဆုံးသည့်အချိန်ထိ လစဉ်ဟုမှတ်ယူရမှာဖြစ်ပါတယ်။ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပိုင်းကို အဆိုရှင်မှ ကိန်းဂဏန်းများနဲ့ တိကျစွာတွက်ချက်

ဖော်ပြထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဤသည်မှာ ဆင်းရဲတွင်းဇယားအောက် လူထုအများ ဆုံးရောက်ရှိနေတဲ့ ကျွန်တော်တို့နိုင်ငံအတွက် ရုတ်တရက်ဆိုရင် ပြုံးတုံးပြုံတဲနဲ့ ကြောက်စရာကောင်း လောက်ပါလားလို့ ထင်မှတ်နိုင်စရာရှိပါတယ်။ ဒီအသုံးစရိတ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ဘဏ္ဍာငွေမှကျခံသုံးစွဲရန် နှစ်စဉ်ဘဏ္ဍာငွေအရ/အသုံးဥပဒေမှာ ထည့်သွင်းရေးဆွဲထား ပြီး ဒါကို အခန်း(၇)ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးခန့်မှန်းခြေငွေစာရင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အတွက် ငွေပမာဏမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ထက် ကျပ်သန်းပေါင်း ၁၀၀၀၀ ခန့် တိုးလာသော်ငြားလည်း ပြင်ဆင်အဆိုပြုချက်မှာ ပြည်ထောင်စုဘတ်ဂျက်ရဲ့ ၀.၀၇ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ ဒီနေရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မြန်မာနိုင်ငံဒီမိုကရေစီဖွံ့ဖြိုး ရှင်သန်ရေးအတွက် အလျဉ်းသင့်သလို ကူညီထောက်ပံ့ငွေများ ရရှိနိုင်တာလည်းဖြစ်တဲ့အလျောက် နိုင်ငံတော်အနေနဲ့ ကြီးလေးသည့်ဝန်ထုပ်ဝန်ပိုးကြီးကို ထမ်းနေရတယ်လို့ ကျွန်တော့်အနေနဲ့ မမြင်မိပါ ဘူး။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော၊ အဆင့်ဆင့်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များကဲ့သို့ပင် ထိုက်သင့်သည့်လစာချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန်ဆိုသည်မှာ သီးခြားချွန်ထွက်နေတဲ့ပြဋ္ဌာန်းချက်တစ်ခု မဟုတ်ပါဘူး။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၃)ဖြင့်ပြဋ္ဌာန်းခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၃) ပုဒ်မ ၁၄ မှာလည်း နိုင်ငံတော်သမ္မတသည် ကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပဏာမစိစစ်ရေးအဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်ခံစားခွင့်များကို သတ်မှတ်ပေးခြင်း သို့မဟုတ် ပြင်ဆင်ပြောင်းလဲခြင်းပြုနိုင်သည် ဟု ဖော်ပြထားပါတယ်။ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၅) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအခန်း(၂) ပုဒ်မ ၇ မှာလည်း နိုင်ငံတော် သမ္မတသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို သတ်မှတ်ပေးရမည်ဟု ပါရှိပါတယ်။ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၁)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေအခန်း(၁၁) ပုဒ်မ ၃၈ မှာလည်း နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်များ၊ ကော်မတီဝင် များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်

မူကြမ်း

ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိသည်ဟု ပါရှိခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေအခန်း(၁၂) ပုဒ်မ ၃၆ မှာလည်း ဥပဒေဆိုင်ရာအထောက် အကူပေးရေးအဖွဲ့အဆင့်ဆင့်တွင် တာဝန်ပေးအပ်ခြင်းခံရသည့်နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဆင့်ဆင့် သောပုဂ္ဂိုလ်များ၊ ယင်းအဖွဲ့၏အကြံပေးပုဂ္ဂိုလ်များ၊ ဥပဒေဆိုင်ရာအထောက်အကူပေးသူများအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်ဟုအတိအလင်းဖော်ပြ ပြဋ္ဌာန်း ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ခွင့်ပြုပါအတိုင်း တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များကို အဆင့်ဆင့်ဖွဲ့စည်းရာမှာ ကျစ်ကျစ်လျစ်လျစ်နှင့် တိုင်းပြည် ဘဏ္ဍာကိုခြိုးခြံပြီးတော့ ကာကွယ်နိုင်ဖို့အတွက် ဖွဲ့စည်းဖို့လည်းလိုပါလိမ့်မယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွက်ကတော့ လိုအပ်ချက်အရသာ လိုအပ်တဲ့အချိန်ကျမှ ကော်မရှင်အဖွဲ့ခွဲအဆင့် ဆင့်ကို ဖွဲ့စည်းသင့်ပါကြောင်းလည်း အကြံပေးလိုပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီဖွံ့ဖြိုးပြီးနိုင်ငံများမှာ ရွေးကောက်ပွဲကော်မရှင်ကို လိုအပ်တဲ့အချိန်လောက်မှစပြီး စတင်ဖွဲ့စည်းပြီး Volunteer များဖြင့် ပါဝင်တယ်လို့ အဆိုရှင်က ပြောဆိုထားခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေ၏ အခန်း(၆) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဖော်ပြထားသည့် ဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ (ဃ)မှာ မဲစာရင်းများပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ကြေညာခြင်းဟုလည်းကောင်း၊ ပုဒ်မခွဲ(စ)တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေ ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ အဆိုရှင်တင်ပြဆွေးနွေးသွားခဲ့တဲ့အဆိုနှင့် ပတ်သက်ပြီးတော့ ဘဏ္ဍာငွေ ဘတ်ဂျက်လိုငွေပြမှုကို နားလည်ပါတယ်။ ဒါပေမဲ့ သုံးသင့်သုံးထိုက်တဲ့ဘဏ္ဍာငွေသုံးစွဲမှုများကို သုံးစွဲ သင့်ကြောင်း အကြံပြုဆွေးနွေးအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ် ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုဟာ ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ဥပဒေကိုပြင်ဆင်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေအမှတ်(၄၀) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)နှင့် ပတ်သက်ပြီးတော့ ဒီအဆိုဖြစ်လာတာပဲဖြစ်ပါတယ်။ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)နှင့်ပတ်သက်ပြီးတော့ ကျွန်တော် မရှင်းလင်းခင်မှာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ရဲ့ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပုဒ်မ ၁၈ ပုဒ်မခွဲ(က)ကနေပြီးတော့ ပုဒ်မခွဲ(ဍ)ထိ ပြဋ္ဌာန်းထားတာရှိပါတယ်။ သူတို့ရဲ့လုပ်ပိုင်ခွင့်တွေကို ကြည့်တဲ့ အခါမှာတော့ လုပ်ငန်းတွေက တော်တော်များပြားတာကို တွေ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်တော် တို့ ရွေးကောက်ပွဲဟာ ငါးနှစ်တစ်ကြိမ် အထွေထွေရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲ ရှိပါတယ်။ ကြားဖြတ်ကလည်းပဲ လိုအပ်တဲ့မြို့နယ်များပဲ ကြားဖြတ်ရွေးကြတာဖြစ်ပါတယ်။ အဲဒီတော့ အထွေထွေ ရွေးကောက်ပွဲမှာလည်းပဲ ကျွန်တော်တို့အတွေ့အကြုံအရတွေ့ရတာက ဥက္ကဋ္ဌတစ်ယောက်ပဲ ရုံးတွေ သွားပြီးတော့ မကြာမကြာအလုပ်လုပ်တာတွေ့ရသော်လည်းပဲ ကျန်တဲ့ကော်မတီဝင်တွေဆိုတာ အစည်း အဝေးကိစ္စရှိမှသွားကြတာတွေ့ရပါတယ်။ သူတို့တကယ်တမ်းလုပ်ရသည့်လုပ်ငန်းသည် ရွေးကောက်ပွဲ ကြီးတစ်ခုလုပ်တော့မယ်ဆိုလို့ရှိရင် ခြောက်လ၊ ကိုးလ အဲဒီကာလလောက်ပဲ လုပ်ရပါတယ်။ ကျန်တဲ့ အချိန်တွေက သူတို့လုပ်ငန်းကို သူတို့လုပ်နေကြတာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီလို တွေ့ရသလို ဒီကော်မရှင်အသီးသီးမှာပါတဲ့ ပုဂ္ဂိုလ်တွေဟာ အငြိမ်းစားဝန်ထမ်းတွေ၊ ကျွန်တော်တို့ အငြိမ်းစားမှာ ဌာနဆိုင်ရာအငြိမ်းစားပါတယ်။ နိုင်ငံရေးပင်စင်စားတဲ့ပုဂ္ဂိုလ်တွေပါတယ်။ အဲဒီတော့ သူတို့ကိုပါ ကျွန်တော်တို့ ချီးမြှင့်ငွေတွေနဲ့ပေးမယ်ဆိုလို့ရှိရင် ဒီပေါ်မှာလည်းပဲ ကျယ်ကျယ်ပြန့်ပြန့် လေးစဉ်းစားပြီးတော့မှ လုပ်ဆောင်သင့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က သုံးသီးစားတဲ့ပြဿနာတွေ ရှိတဲ့အခါကျတော့ သူ့မှာသိပ်ခံစားခွင့်တွေများပြီးတော့ အလုပ်ကတော့ ငါးနှစ်တာကာလမှာမှ ကြားဖြတ်မရှိတဲ့နေရာတွေဆိုလို့ရှိရင် ကိုးလ၊ ၁၀ လ၊ ၁၂ လ အဲဒီလောက်ပဲ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီကနေ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအခြေအနေအရ တကယ်တမ်းပေးကြကမ်းကြမယ်ဆိုလို့ရှိရင်၊ ချီးမြှင့်မယ်ဆိုလို့ရှိရင် ဒီချီးမြှင့်တာသူ့လုပ်အားနှင့် ညီမျှတဲ့ ချီးမြှင့်ငွေကိုပဲ ကျွန်တော်တို့ ရသင့်တာရှိပါတယ်။ သို့သော်လည်းပဲ အဲဒီလိုမှမဟုတ်ဘဲနဲ့ ဥပဒေကဒီလိုပြဋ္ဌာန်းထားတဲ့အတွက် ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ကိုပေးမယ် ဆိုတဲ့ အဲဒီဥပဒေအတိုင်းပြဋ္ဌာန်းချက်အတိုင်းပေးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ငွေကြေးနဲ့ကြည့် လာမယ်ဆိုလို့ရှိရင်တော့ တိုင်းပြည်အတွက် များစွာနစ်နာလာခြင်းဖြစ်ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာလည်းပဲ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)ကို ပြန်ကြည့်မယ် ဆိုလို့ရှိရင်တော့ လစဉ်ချီးမြှင့်ငွေဆိုတဲ့စကားကြီးဟာ ကျွန်တော်တို့အတွက်လုပ်ရကိုင်ရတာ နည်းနည်း

ကသိကအောက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလစဉ်ဆိုတဲ့ဟာ စကားပါတဲ့အတွက် လစဉ်၊ လစဉ်တိုင်း ပေးရမယ့်သဘောရှိတဲ့အခါကျတော့ အလုပ်မလုပ်တဲ့လေးနှစ်လောက်ကာလကြီးကို ပေးနေတယ်။ သူတို့ကလည်း သူတို့အပေါ်မှာ အိမ်မှာနေတယ်ဆိုတော့ အခုဘာပြဿနာတွေ တွေ့ရလဲဆိုတော့ ဒီချီးမြှင့်ငွေပေးမယ်လည်းဆိုရော ကျွန်တော်တို့ မြို့နယ်၊ ကျေးရွာ၊ တိုင်းဒေသကြီး၊ ခရိုင်ကော်မရှင်တွေမှာ အခု ကော်မရှင်အဖြစ် ဝင်လျှောက်ကြတာကို ကျွန်တော်တို့မြို့နယ်မှာဆို ၄၊ ၅၊ ၆၀ လောက်ကို ရှိကြပါတယ်။ အဲဒီလိုရှိတဲ့နေရာမှာ ဒါကဘာလဲဆိုတော့ တကယ့်ကိုစေတနာနဲ့ တိုင်းပြည်အတွက်ကို ရတဲ့အချိန်လေးမှာ ရသလောက်လုပ်ပေးပါမယ်ဆိုတဲ့ဟာနဲ့စာရင် သူတို့ဒီချီးမြှင့်ငွေပေါ်မှာ ကြည့်ပြီးတော့ ဝင်ရောက်လျှောက်တာဆိုတာကိုလည်း ကျွန်တော်တို့ သွားတွေ့တာဖြစ်ပါတယ်။ အဲဒီတော့ ဒီချီးမြှင့်ငွေအတိုင်းသာ ဥပဒေကပြထားတဲ့အတိုင်း လစဉ်၊ လစဉ်ချီးမြှင့်ငွေကိုပေးမယ်ဆိုရင်တော့၊ အခုကော်မရှင်ကထုတ်ပြန်ထားတဲ့ ချီးမြှင့်ငွေအတိုင်းသာပေးမယ်ဆိုရင်တော့ အဆိုတင်သွင်းသွားတဲ့ ဒေါက်တာလှမိုးရဲ့ အဆိုအတိုင်းဆိုရင် ကျွန်တော်တို့မှာ တော်တော်ကို တိုင်းပြည်အတွက်လည်း အများကြီးနစ်နာပါတယ်။ အလုပ်မလုပ်တဲ့သူတွေကို ပေးနေရသလိုဖြစ်နေပါတယ်။ အခုကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲက စကြည့်မယ်ဆိုရင် သက်ဆိုင်ရာကော်မရှင်ရုံးတွေမှာ ဝန်ထမ်းတွေက အပြည့်ခန့်ထားပြီးဖြစ်ပါတယ်။ ယခင်တုန်းကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအောက်ကဝန်ထမ်းနဲ့ အခု အထွေထွေအုပ်ချုပ်ရေးဦးစီးအရာရှိက ဥက္ကဋ္ဌလုပ်ပြီးတော့ အတွင်းရေးမှူးက သူတို့ဆီကလူတွေလုပ်တဲ့အခါကျတော့ သူတို့ဝန်ထမ်းနဲ့သူတို့လုပ်နေရတဲ့ကာလပါ။ အခုမှာတော့ ဝန်ထမ်းက ဦးစီးအရာရှိတစ်ယောက်ထားတယ်။ နောက် ဒုတိယဦးစီးမှူးတစ်ယောက်ထားတယ်။ ဝန်ထမ်းကိုလည်း တော်တော်ပြည့်ပြည့်စုံစုံလေးထားတယ်။ နောက်စက်ကိရိယာပစ္စည်းတွေကလည်း ပြည့်စုံသလောက်ကို ကျွန်တော်တို့ သွားတွေ့နေရတာဖြစ်ပါတယ်။ နောက်ကျေးရွာမှာကြည့်မယ်ဆိုလို့ရှိရင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူး အုပ်ချုပ်ရေးစာရေးက ဒီလုပ်ငန်းကို စာရင်းကောက်တာဘာညာကအစ လုပ်ရတဲ့အခါကျတော့ ကျွန်တော်တို့ အားလုံးပြန်ခြုံငုံကြည့်လိုက်မယ်ဆိုလို့ရှိရင်တော့ မပေးသင့်တဲ့အချိန်တွေမှာ ပေးရတဲ့အခါကျတော့ တိုင်းပြည်အတွက် ငွေများစွာ နစ်နာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရမယ်ဆိုလို့ရှိရင်တော့ အခု ဒေါက်တာလှမိုး တင်ပြသွားတဲ့ ကိန်းဂဏန်းနဲ့ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ လစာ၊ ချီးမြှင့်ငွေကို လစဉ်၊ လစဉ်ပေးရမယ်ဆိုတဲ့ဟာမှာ ဥပဒေစကားလေးပါ ကျွန်တော်တို့နောက်ပိုင်းမှာ လိုအပ်လို့ရှိရင်ပြင်ပြီးတော့

ထိုက်သင့်တဲ့၊ သင့်တင့်မျှတတဲ့အပေါ်မှာကြည့်ပြီးတော့ လျှော့ပြီးတော့ပေးသင့်ပါကြောင်း လေးစားစွာဖြင့် ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်မကတော့ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုးတင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်ရှင်။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဥပဒေပိုင်းအကြောင်းတွေကိုတော့ စောစောကကိုယ်စားလှယ်တွေ တင်ပြဆွေးနွေးပြီးဖြစ်တဲ့အတွက် ကျွန်မကတော့ အကြောင်းအရာပိုင်းလေးတွေကိုပဲ အဓိကထားဆွေးနွေးသွားတော့မှာဖြစ်ပါတယ်။ အဆိုရှင်တင်သွင်းထားတာနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့မဲဆန္ဒနယ်မြေနဲ့ထင်ဟပ်ပြီးတော့ လေ့လာကြည့်တဲ့အခါမှာ ကျွန်မတို့ သထုံမြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးမှာလည်း အများကြည်ညိုလေးစားခံရတဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့သူ ဥက္ကဋ္ဌတစ်ဦးအပါအဝင် အဖွဲ့ဝင်ခြောက်ဦး၊ ပြီးတော့ နိုင်ငံ့ဝန်ထမ်း ၁၀ ဦးနဲ့ စုစုပေါင်း ၁၆ ဦးနဲ့ ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေထဲမှာဆိုလို့ရှိရင်လည်း မြို့နယ်လဝကဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ ဒုတိယမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနဲ့ အတွင်းရေးမှူးအဖြစ်ကတော့ ဦးစီးအရာရှိ၊ မြို့နယ်အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက အပါအဝင် တခြားမြို့နယ်အဆင့် ဦးစီးအရာရှိတွေပါဝင်တဲ့ ဝန်ထမ်းတွေနဲ့ ဖွဲ့စည်းထားပါတယ်။ ရပ်/ကျေးမှာကတော့ ဝန်ထမ်းမဟုတ်တဲ့သူ ခြောက်ဦးကနေပြီးတော့ ကိုးဦးအထိ ဖွဲ့စည်းထားတာကို တွေ့ရပါတယ်။ ခရိုင်မှာလည်း ဒီအတိုင်းပါပဲ။ အဲဒီတော့ ဝန်ထမ်းတွေအပြင် ခုနက ဆရာဦးတင်ထွေးဆွေးနွေးသွားသလို သက်ဆိုင်ရာကော်မရှင်အဆင့်ဆင့်မှာခန့်ထားတဲ့ ဝန်ထမ်းတွေကလည်း ရှိနေတဲ့အခါကျတော့ ရွေးကောက်ပွဲကျင်းပမယ့်ကာလမဟုတ်ရင် ကော်မရှင်ရုံးလုပ်ငန်းတာဝန်တွေကို အဲဒီလူတွေနဲ့ အဆင်ပြေစွာ လည်ပတ်ဆောင်ရွက်သွားလို့ဖြစ်ပါတယ်။ ယခင်ရွေးကောက်ပွဲကာလမှာတုန်းကတော့ မဲစာရင်းအမှားကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲကော်မရှင်မှာ အတော်လေး ရှုပ်ထွေးသွားပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကို အမြဲတမ်းထားရှိဖို့လိုသလားဆိုတဲ့ မေးခွန်း တစ်ခုတော့ရှိမှာပါ။ ဒါပေမဲ့ ကျွန်မအနေနဲ့ ဆွေးနွေးလိုတာကတော့ မလိုပါဘူး။ ဘာကြောင့်လဲဆိုရင် မဲစာရင်းတိကျမှန်ကန်ဖို့အတွက် အဓိကကျတာက ရပ်/ကျေးအသီးသီးမှာရှိတဲ့

အုပ်ချုပ်ရေးမှူးတွေရယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှာ တာဝန်များစွာရှိပါတယ်။ အဲဒီဌာနတွေက မိမိတို့မြို့နယ်အတွင်းမှာရှိတဲ့ လူဦးရေစာရင်းကို အောက်ခြေကစပြီးတော့ စနစ်တကျအချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်ပြုစုထားမယ်ဆိုရင်၊ စိစစ်ထားမယ်ဆိုရင် ရွေးကောက်ပွဲမကျင်းပမီ လေး၊ ငါး၊ ခြောက်လ အလိုမှာ အဆင်သင့်ဖြစ်ပြီးသားဖြစ်နေမှာပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၉) ပုဒ်မ ၃၉၉ မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့တာဝန်တွေကို ပြဋ္ဌာန်းထားတော့ အဓိကအားဖြင့် ရွေးကောက်ပွဲကျင်းပမယ့်ကာလနဲ့စပ်လျဉ်းတဲ့တာဝန်တွေဟာ ဘာတွေရှိတယ်ဆိုတာကို အဲဒီပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ သတ်မှတ်ဆောင်ရွက်ပေးလို့ရပါတယ်။

နောက်တစ်ခါ ကျွန်မတို့နိုင်ငံမှာ ပုံမှန်အားဖြင့် ရွေးကောက်ပွဲကို ငါးနှစ်တစ်ကြိမ်ကျင်းပလေ့ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ကော်မရှင်အဖွဲ့ဝင်တွေဟာ ရွေးကောက်ပွဲကျင်းပမယ့် ကာလမဟုတ်ရင် သူတို့အဓိကလုပ်ဆောင်ရမယ့် တာဝန်တွေမရှိတာမို့ ကျွန်မအထက်ကဆွေးနွေးခဲ့သလိုပဲ ကျန်လုပ်ငန်းတွေကို ကျန်တဲ့ကော်မရှင်အဖွဲ့ခွဲတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေက ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အဆိုရှင်တင်ပြသလိုပါပဲ။ ကျွန်မတို့မြို့နယ်ရဲ့ ဝန်ထမ်းမဟုတ်တဲ့ ကော်မရှင်အဖွဲ့ခွဲအသီးသီးတွေအတွက် ခန့်အပ်ထားတဲ့ဦးရေအလိုက် တွက်ချက်ကြည့်တဲ့အခါမှာ တစ်နှစ်ကို ပျမ်းမျှ သိန်းပေါင်း ၃၀၃၄ သိန်းကျော် ကျသင့်နေတာကို တွေ့ရပါတယ်။ အဲဒီငွေတွေဟာ ကျွန်မတို့မြို့နယ်အတွက် လိုအပ်နေတဲ့ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစတဲ့လုပ်ငန်းတွေမှာ အကျိုးရှိရှိအသုံးပြုနိုင်မှာဖြစ်သလို မဲစာရင်းတွေတိကျမှန်ကန်ရေးအတွက် နည်းပညာအသုံးပြုမှတ်တမ်းထားရှိမယ့်နေရာမှာလည်း အသုံးပြုသွားမယ်ဆိုရင် ပိုမိုပြီးတော့ ကောင်းမွန်မယ်လို့ ကျွန်မအနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။ ဒေါက်တာလှမိုးတင်ပြသလိုပါပဲ။ ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ နိုင်ငံအတော်များများမှာ ကျွန်မတို့နိုင်ငံလို ရွေးကောက်ပွဲကျင်းပတဲ့ကာလမဟုတ်ဘဲနဲ့ လွှတ်တော်သက်တမ်းတစ်ခုလုံးအတွက် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပေးရတဲ့နိုင်ငံဟာရှားပါးလှပါတယ်။ ဒါတွေကို ကျွန်မတို့က ထည့်သွင်းစဉ်းစားပြီးတော့ ပြုပြင်ရမှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ကော်မရှင်အဖွဲ့ခွဲဝင်တွေကို ချီးမြှင့်ငွေနှင့်စရိတ်ပေးခြင်းကို ထောက်ခံပါတယ်။ ဒါပေမဲ့ ချီးမြှင့်မယ့်ကာလအပိုင်းအခြားကိုတော့ ပြန်လည်စိစစ်သတ်မှတ်ပြီးတော့ တိတိကျကျလေးပြုလုပ်ဆောင်ရွက်သင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

**မှူးကြမ်း**

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံသားတွေအားလုံး အပြောင်းအလဲတစ်ခုကို လိုချင်တဲ့အတွက် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကြီးမှာ အစိုးရသစ်တစ်ခုပြောင်းလဲနိုင်ဖို့ စိတ်စေတနာအပြည့်နဲ့ တစ်ခဲနက်မဲပေးခဲ့ကြတာဖြစ်ပါတယ်။ အဲဒီတော့ အမှန်တကယ် ဒီမိုကရေစီနိုင်ငံသစ်ကိုထူထောင်ဖို့ ကြိုးပမ်းနေတဲ့အချိန်မှာ ကျွန်မတို့ရဲ့ ဝန်ထမ်းတွေကလည်း မိမိတို့ကျရာတာဝန်ကို အပြည့်အဝထမ်းဆောင်ကြမယ်။ တာဝန်ကျေပွန်ကြမယ်ဆိုတဲ့ စိတ်စေတနာအပြည့်ရှိမယ်ဆိုတာလည်း ကျွန်မတို့အနေနဲ့ ယုံကြည်ပါတယ်။ အဲဒီလိုပဲ အများကြည်ညိုလေးစားခံရတဲ့ မြို့ရွာကျက်သရေဆောင်ပုဂ္ဂိုလ်တွေဟာဆိုရင်လည်း ကိုယ်ကျိုးမဖက်ဘဲနဲ့ အများအကျိုးဆောင်ရွက်တဲ့နေရာမှာ စိတ်ထားမွန်မြတ်တဲ့သူတွေ ဖြစ်ကြတဲ့အတွက် ကော်မရှင်လုပ်ငန်းကို စေတနာအပြည့်အဝနဲ့ ဆောင်ရွက်ပေးကြမယ့် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်သူတွေသာဖြစ်တဲ့အတွက် ဒေါက်တာလှမိုးအဆိုပါအကြောင်းအရာ၊ ဖော်ပြချက်တွေကို သူတို့အနေနဲ့လည်း လက်ခံကြလိမ့်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့လို့ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို ကျွန်မအနေနဲ့ လေးလေးနက်နက်ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို ဆွေးနွေးနေတဲ့အချိန်ဟာ နိုင်ငံမှာ ပြည်တွင်းပြည်ပကြွေးမြီ ကျပ် ဘီလီယံ ၂၅၀၀၀ အထိရှိနေတဲ့ အချိန်ပါ။ လိုငွေဘတ်ဂျက်နဲ့ နှစ်ပါးသွားနေရတဲ့အချိန်လည်းဖြစ်ပါတယ်။ ကျေးလက်ဒေသတွေမှာ စာသင်ကျောင်းမပြည့်စုံမှု၊ ဝန်ထမ်းအိမ်ရာမလုံလောက်မှု၊ ဆေးရုံ ဆေးခန်းလိုအပ်မှု၊ လမ်းတံတား ပျက်စီးမှုတွေနဲ့ ကြုံတွေ့နေရတဲ့အခြေအနေလည်းဖြစ်ပါတယ်။ လွှတ်တော်အသီးသီးမှာ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ပြန်ပြင်ပေးပါ၊ ကျောင်းပေးပါ၊ ဆေးရုံ ပေးပါဆိုတဲ့အသံတွေဟာ တစ်စာစာနဲ့ နေ့တိုင်းကြားနေရတဲ့ အချိန်လည်းဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တွေရှိနေတဲ့အချိန်မှာ ရွေးကောက်ပွဲ ကော်မရှင်ကနေ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ရွေးကောက်ပွဲ ကော်မရှင်အဆင့်ဆင့်အဖွဲ့ခွဲဝင်တွေကို အမြဲတမ်းလစာပေးမယ့်အကြောင်း ကြေညာ သွားလို့ များစွာအံ့သြမိပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံတွေရဲ့ ရွေးကောက်ပွဲဖြစ်စဉ်မှာ ရွေးကောက်ပွဲနီးကပ်မှ ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး CSO တွေ၊ စေတနာ့ဝန်ထမ်းလုပ်အားပေးတွေနဲ့ ပေါင်းစပ်ကာ လုပ်ကိုင်ကြတာတွေ့ရပါတယ်။ အရင် ရွေးကောက်ပွဲကော်မရှင်ဆိုရင် ရွေးကောက်ပွဲမတိုင်ခင်မှာ အမြဲတမ်းနိုင်ငံ့ဝန်ထမ်းများနဲ့ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများလုပ်တာ၊ ရွေးကောက်ပွဲနီးကပ်လာမှ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့၊ အများကြည်ညိုလေးစားတဲ့ ပုဂ္ဂိုလ်များနှင့်ကာလသတ်မှတ်ပြီး ဖွဲ့စည်းတာတွေ့ရပါတယ်။ ရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲဆိုင်ရာမဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)ထဲမှာဆိုရင် အဓိကအားဖြင့် ကော်မရှင်အဆင့်ဆင့်အတွက် အမြဲတမ်းဝန်ထမ်းများခန့်သွားဖို့ နှစ်အလိုက် ဆောင်ရွက်သွားရန် စီမံကိန်းရေးဆွဲထားပြီးလည်းဖြစ်ပါတယ်။ အခုဆိုရင် ညွှန်ကြားရေးမှူးချုပ်မှ အခြေခံမြို့နယ်အဆင့်ထိ အမြဲတမ်းဝန်ထမ်းစုစုပေါင်း ၁၈၇၄ ဦးရှိနေပါပြီ။ ဒါ့အပြင် ကော်မရှင်ဥပဒေ အခန်း(၅) ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ လိုအပ်ပါက နိုင်ငံ့ဝန်ထမ်းများကိုလည်း အဖွဲ့ဝင်အဖြစ်ထည့်သွင်းနိုင်ပါတယ်။ ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ နှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း(၁၆) ပုဒ်မ ၈၄ အရလည်း လိုအပ်ပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များထံမှလည်း အကူအညီများရယူနိုင်ပါတယ်။ ဒီပုံစံနဲ့ အရင် ရွေးကောက်ပွဲကော်မရှင်ဟာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို အောင်မြင်စွာဖြတ်သန်းခဲ့တာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကယ်၍သာ ရွေးကောက်ပွဲကော်မရှင်ကတင်ပြသလို လစာနှုန်းထားများအတိုင်း သမ္မတသက်တမ်းနှင့်အညီ လစာပေးမယ်ဆိုပါက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံအရဆိုရင် တစ်နှစ်ကို ကျပ်ငွေ ၁၆၇ ဘီလီယံကုန်ကျမှာဖြစ်ပါတယ်။ အဲဒီငွေတွေနဲ့ ကျွန်တော်စောစောကတင်ပြခဲ့သလို လိုအပ်ချက်တွေများစွာရှိနေတဲ့ ပြည်နယ်ဒေသတွေမှာ၊ ကျေးလက်ဒေသတွေမှာ စာသင်ကျောင်းတွေဆောက်မယ်ဆိုရင် (ပေ ၆၀ x ပေ ၃၀) တစ်ထပ်နံကပ်ကျောင်းပေါင်း တစ်နှစ်ကို ၇၆၂၀ ကျောင်းနဲ့ ငါးနှစ်ဆိုရင် ၃၆၃၀၀ မို့ ကျေးရွာတိုင်း၊ ကျေးရွာတိုင်း ကျောင်းတွေရနိုင်ပါတယ်။ ဆရာဆရာမတွေအတွက် သင့်တင့်သောဝန်ထမ်းအိမ်ရာ ဆောက်ပေးမယ်ဆိုရင် တစ်နှစ်ကို ၅၅၆၆၇ ခုနဲ့ ငါးနှစ်မှာဆိုရင် ၂၇၈၃၃၅ ခုနဲ့ ဆရာဆရာမတွေ အားလုံးရကြမှာပါ။ ဆရာဆရာမတွေလည်း ပျော်ကြမှာပါ။ ကျေးလက်ကျန်းမာရေးဌာနခွဲ လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာပါနှစ်ဆောင်တွဲဆောက်မယ်ဆိုရင် တစ်နှစ်ကို ၂၆၅၀ ခုနဲ့ ငါးနှစ်ဆိုရင် ၁၃၂၅၀ ခုမို့ ရွာသားတွေကျန်းမာကြမှာပါ။ ကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းမယ်ဆိုရင် တစ်နှစ်ကို ၃၃၄၀ မိုင်နှင့် ငါးနှစ်ဆိုရင် ၁၆၇၀၀ မိုင်မို့ ကျေးလက်လမ်းတွေလည်း ကောင်းလာမှာပါ။ ဒါမှမဟုတ်

ကျေးလက်မီးလင်းရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်းတွေဆွဲမယ်ဆိုရင် တစ်နှစ်ကို ၁၁၁၃၃ မိုင်နှင့် ငါးနှစ်ဆိုရင် ၅၅၆၆၅ မိုင်ရမှာမို့ မြန်မာနိုင်ငံမှာ ကျေးရွာအားလုံး မီးလင်းနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွေးကောက်ပွဲကော်မရှင်ရဲ့အစီအစဉ်ကို တစ်ဖက်ကပြန်ကြည့်ရင် ပြည်သူလူထုအနည်းဆုံး လူ ၁၅၀၀၀၀ ဦးကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများရနိုင်တာမို့ မူအရ ကြိုဆိုပါတယ်။ အလုပ်အကိုင်ရှားပါးတဲ့ ဒီခေတ်ကြီးမှာ အလုပ်အကိုင်များရမလားဆိုပြီးတော့ ကော်မရှင်မှာ ဝင်လျှောက်မယ့် ပြည်သူများကိုလည်း စာနာပါတယ်။ ဒီလိုစာနာမိပေမယ့်လည်း ရှင့်မှာလည်းအကြွေးတွေနဲ့ ကျွန်မမှာလည်း ကလေးတွေနဲ့ဆိုသလိုပါပဲ၊ နိုင်ငံဟာ အကြွေးတွေနဲ့ပါ။ အဲဒါကြောင့်မို့လို့ နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို ရေရှည်မျှော်ကိုးပြီးတော့ ပြည်ထောင်စုအစိုးရမှ ပြန်လည်စဉ်းစားသုံးသပ်သင့်ပါကြောင်း ပြောကြားရင်း ဒေါက်တာလှမိုးရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်က ဒေါက်တာလှမိုးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုမှာ အဓိကအချက်သုံးချက် ပါရှိနေတာကိုတွေ့ရပါတယ်။ (၁) လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပေးအပ်မည့်ကာလ၊ (၂) လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပေးအပ်မည့်ပမာဏ၊ (၃) ခန့်အပ်မည့်အဖွဲ့ဝင်ဦးရေတို့ကို ပြန်လည်သုံးသပ်ရန်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပေးအပ်မည့်ကာလနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးလိုပါတယ်။ အဆိုရှင်ရဲ့အဆို တင်ပြဆွေးနွေးခဲ့ရာမှာ ဒီမိုကရေစီကျင့်သုံးတဲ့နိုင်ငံတိုင်းမှာ ရွေးကောက်ပွဲကော်မရှင်ဟာ အလွန်အရေးပါသောအခန်းကဏ္ဍမှာရှိကြောင်း တင်ပြဆွေးနွေးထားတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကော်မရှင်များရဲ့ အရေးပါတဲ့တာဝန်ကို ထမ်းဆောင်ရာမှာ ရှိသင့်ရှိထိုက်၊ ရသင့်ရထိုက်တဲ့ဂုဏ်သိက္ခာနှင့်ပြည့်စုံတဲ့ အသိအမှတ်ပြုမှုနှင့်အတူ နိုင်ငံတော်ကထောက်ပံ့ပေးတဲ့ချီးမြှင့်ငွေကို နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ ကော်မရှင်အဖွဲ့ခွဲဝင်များအနေနဲ့ ရရှိခံစားထိုက်တယ်ဆိုတဲ့အပေါ်မှာ အငြင်းပွားဖွယ်မရှိဘူးလို့ သုံးသပ်မိပါတယ်။ ကော်မရှင်အဖွဲ့ခွဲဝင်အဆင့်ဆင့်ရဲ့တာဝန်ဟာ ရွေးကောက်ပွဲကာလအတွင်း ဆောင်ရွက်ရန်သာအဓိကဖြစ်သော်

လည်း ရွေးကောက်ပွဲကာလမဟုတ်တဲ့အချိန်များတွင်လည်း တာဝန်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၆) ပုဒ်မ ၁၈ မှာ အပြည့်အစုံပြဋ္ဌာန်းထားတာကို တွေ့ရှိရပါတယ်။ ရွေးကောက်ပွဲတစ်ရပ်ရပ်ရဲ့ တရားမျှတမှု၊ အရည်အသွေးပြည့်ဝမှုတို့အတွက် ရွေးကောက်ပွဲကာလမှာ ပြင်းပြင်းထန်ထန်ဆောင်ရွက်ရသော်လည်း ရွေးကောက်ပွဲမရှိတဲ့ကာလများမှာ အချိန်ပြည့်ဆောင်ရွက်ရန်မရှိတာကလည်း ထင်ရှားတဲ့အချက်ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်ကာလများက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များဟာ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်က အသိအမှတ်ပြုပြီး ချီးမြှင့်ငွေထောက်ပံ့ပေးမယ့်အပေါ် မှာလည်း ကြိုဆိုရမှာဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ရွေးကောက်ပွဲကျင်းပရန်လိုတဲ့ကာလအတွင်းသာ သတ်မှတ်ချီးမြှင့်မယ်ဆိုရင်လည်း တာဝန်ယူကြရတဲ့ကော်မရှင်အဖွဲ့ခွဲဝင်များအနေနဲ့ လိုလိုလားလားလက်ခံနိုင်မယ်လို့ ယုံကြည်ပါတယ်။ သာမန်အားဖြင့် ရွေးကောက်ပွဲမရှိတဲ့အချိန်တွေအတွက် စေတနာ့ဝန်ထမ်းအဖြစ် ထမ်းဆောင်ကြဖို့ရာ ဝန်လေးကြမယ်မဟုတ်ပါဘူး။ ဒါကြောင့် အထွေထွေရွေးကောက်ပွဲကြီးများနှင့် လိုအပ်တဲ့အခါမှာ ဆောင်ရွက်ရတဲ့ လူထုဆန္ဒခံယူပွဲများ၊ ကြားဖြတ်ရွေးကောက်ပွဲများလည်း ပြုလုပ်ရန်ရှိလာနိုင်ပါတယ်။ ပြဋ္ဌာန်းပြီးဖြစ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များအတွက် ထိုက်သင့်သည့်လစာ၊ ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက် တာဝန်သက်တမ်းကာလအတွက် လပေါင်း ၆၀ အတွက်ပေးအပ်ရမယ်လို့ ဖော်ပြထားခြင်းမရှိဘဲ ထိုက်သင့်တဲ့လစာ၊ ချီးမြှင့်ငွေနဲ့ စရိတ်တို့သာ ပါရှိတာဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို တာဝန်ပေးအပ်ရာမှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၇) ပုဒ်မ ၂၀ တွင် ပြဋ္ဌာန်းပြီးသည့်အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီသာ ထားရှိသင့်ပါတယ်။ ဝန်ထမ်းမဟုတ်တဲ့ လွတ်လပ်တဲ့ဂုဏ်သိက္ခာအရ ဆောင်ရွက်ရတဲ့ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို တည်ငြိမ်စွာတာဝန်ထမ်းဆောင်ခွင့် ပြုထားသင့်ပါတယ်။ ချီးမြှင့်ငွေရခြင်း/မရခြင်းနှင့် တာဝန်ထမ်းဆောင်ခြင်းကို တစ်ထပ်တည်းထားရှိရန် လိုအပ်မည်မဟုတ်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

**မှူကြမ်း**

လိုအပ်ချက်အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို အကြိမ်ကြိမ်ပြောင်းလဲခန့်အပ်မည်ဆိုပါက မလိုလား အပ်သော အငြင်းပွားမှုများ၊ ရှုပ်ထွေးမှုများကို လက်ကမ်းကြိုဆိုရာရောက်နိုင်ကြောင်းကိုလည်း အလေးအနက်ထည့်သွင်းစဉ်းစားဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်ပေးအပ်မည့်ပမာဏနှင့်ပတ်သက်လို့ လေ့လာ ကြည့်တဲ့အခါမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အပေါ် ပေးအပ် ထားတဲ့ သတ်မှတ်နှုန်းထားများဟာ ခေတ်ကာလအခြေအနေအားဖြင့် သင့်လျော်မှုရှိတယ်လို့ သုံးသပ် ရရှိပါတယ်။ ခန့်အပ်သည့်အဖွဲ့ဝင်ဦးရေအားဖြင့်လည်း ဥပဒေ၏သဘောတရားအရ အနိမ့်ဆုံး ၁ + ၂ သတ်မှတ်ထားခြင်းအပေါ် ကန့်ကွက်ရန်မရှိကြောင်းလည်း တင်ပြလိုပါတယ်။ ဤပြင်ဆင်ချက်ဥပဒေ မပြဌာန်းမီက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးခြင်းမဟုတ်ဘဲ ထိုစဉ်ကရှိတဲ့ တည်ဆဲဥပဒေအရ ခန့်အပ်ခြင်းသာဖြစ်ပါတယ်။ ဥပဒေတွင် ကိန်းသေသတ်မှတ်ခြင်း အားဖြင့် လက်တွေ့အကောင်အထည်ဖော်ရာမှာ လိုအပ်မှုရှိလာပါက ဥပဒေကိုမပြင်ဆင်ဘဲ ဆောင်ရွက်၍မရနိုင်သဖြင့် စီမံခန့်ခွဲမှုအကြပ်အတည်းလည်း ဖြစ်စေနိုင်ပါတယ်။ ထို့အပြင် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို မလိုအပ်ဘဲ အလွန်အမင်းဖောင်းပွအောင် ခန့်အပ်တာဝန်ပေးမည်ဆိုပါက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ မဏ္ဍိုင်ကြီးများအကြား စိစစ်ညှိနှိုင်းခွင့်၊ လွှတ်တော်များနှင့် လွှတ်တော် ကိုယ်စားလှယ်များပေါ်ပေါက်နေပြီဖြစ်သဖြင့် လိုအပ်လာတဲ့အချိန်တွင် စိစစ်ထိန်းကျောင်းနိုင်မည် ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(မကွေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး အဆိုပြုတင်သွင်းတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့်လစာ၊ လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့ အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် တိုက်တွန်းကြောင်းအဆိုကို

ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်ဖို့ ပါတီတွေ ထောင်တယ်။ ရွေးကောက်ပွဲဝင်တယ်။ ရွေးကောက်ပွဲတွေကျင်းပမယ်။ ရွေးကောက်ပွဲကျင်းပရာမှာ အဓိကကျတဲ့အဖွဲ့အစည်းကတော့ သမာသမတ်ကျတဲ့ ရွေးကောက်ပွဲကော်မရှင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတစ်ခုကို တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အနှောင်အဖွဲ့ ကင်းကင်းနဲ့ ဆောင်ရွက်နိုင်ခြင်းဟာ စစ်မှန်သောဒီမိုကရေစီကို ဖော်ဆောင်ဖို့ပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များကို အမြဲတမ်းဖွဲ့စည်းထားသင့်သလား။ အမြဲတမ်းလစဉ်ချီးမြှင့်ငွေပေးအပ်ထားသင့်သလား။ ဒါမှမဟုတ် ဒီအဆင့်ဆင့်ကော်မရှင်အဖွဲ့ခွဲဝင်တွေကို သတ်မှတ်ကျင်းပမယ့် သတ်မှတ်ကာလအပိုင်းအခြား သတ်မှတ်ထားသင့်ပါသလား။ သတ်မှတ်ကာလအပိုင်းအခြားအတွက်သာ ချီးမြှင့်ငွေပေးထားသင့် သလား။ ဒါမှမဟုတ် သမာသမတ်ကျတဲ့ပုဂ္ဂိုလ်များနှင့် ရွေးကောက်ပွဲကျင်းပတဲ့သတ်မှတ်ကာလ အတွင်း စစ်မှန်တဲ့စေတနာရှင်များနဲ့ ဆောင်ရွက်ကြမလားဆိုတာကို ကနဦးစဉ်းစားကြမှာပါ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ကော်မရှင်ဟာ ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေ၊ စရိတ်တို့ကို ရရှိခံစားနိုင်စေရန်အတွက် ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ဖော်ပြပါရှိပါတယ်။ လစဉ်ချီးမြှင့်ငွေဆိုရာမှာ အချိန်ကာလသတ်မှတ်ချက် အတိအကျမပါဝင်တဲ့အတွက် ပါဝင်သင့်ပါတယ်ခင်ဗျာ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အခန်း(၅) ပုဒ်မ ၁၄ နှင့် ၁၅ တို့အရ ကော်မရှင်ဟာ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာမှာ အများယုံကြည်လေးစားခံရသူပုဂ္ဂိုလ် အနည်းဆုံးသုံးဦးနဲ့ဖွဲ့စည်းရမယ်။ အနည်းဆုံးသုံးဦးခန့်အပ်ရန် သာသတ်မှတ်ထားပြီး အများဆုံးဥပဒေသတ်မှတ်ထားခြင်းမရှိပါ။ ဥပဒေဟာ တိတိကျကျဖြစ်ရပါမယ်။ ရှင်းရှင်းလင်းလင်းဖြစ်ရပါမယ်။ ကျင့်သုံးလိုက်နာနိုင်ပြီး အကျိုးဖြစ်ထွန်းဖို့လိုပါတယ်။ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများမဟုတ်တဲ့ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သော လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် ဥပဒေပြုသတ်မှတ်ထားခြင်းကိုလည်း ကျွန်တော်တို့ လက်ခံပါတယ်။ သို့သော်လည်း ကာလတိုသာ ချီးမြှောက်ခြင်းဟာ သင့်တော်မယ်လို့ ယူဆပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရမှာပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှာ ခန့်အပ်ထားတဲ့ အရာထမ်း၊ အမှုထမ်းကလည်း ၁၈၇၄ ဦးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ဖို့

ကြီးပွားချမ်းသာဖို့၊ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် နေနိုင်ဖို့၊ နိုင်ငံ့ဘဏ္ဍာတွေကို စနစ်တကျသုံးစွဲဖို့၊ နှစ်စဉ်လိုငွေတွေလျှော့ချဖို့ လိုအပ်ပါတယ်။ အခုအခါမှာ သဘာဝဘေးအန္တရာယ်တွေကာကွယ်ဖို့၊ ထောက်ပံ့ဖို့ လုံးပန်းကြိုးစားနေရတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ မိသားစုမှာပဲဖြစ်ဖြစ်၊ အသင်းအဖွဲ့တွေမှာပဲဖြစ်ဖြစ်၊ နိုင်ငံတော်မှာပဲဖြစ်ဖြစ် ကျ မကောက်၊ ပျောက် မရှာ၊ ပျက် မပြင်မဖြစ်ရလေအောင် ဒေါက်တာလှမိုးရဲ့အဆိုကို လေးနက်စွာထောက်ခံလိုက်ရပါတယ် ခင်ဗျား။ အားလုံးကျေးဇူးပါ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကိုပြင်ဆင်သည့် ဥပဒေအခန်း(၇)ပုဒ်မ ၂၁ အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့် လစဉ်ချီးမြှင့်ငွေနှင့်စရိတ်များအား ရယူခံစားပေးနိုင်ရန် သတ်မှတ်ပေးခြင်း ကိုပြန်လည်သုံးသပ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်မှာ ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲများဟာ မရှိမဖြစ်အရေးပါတဲ့ လုပ်ငန်းစဉ် တစ်ခုဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကော်မရှင်ဟာ သီးခြားရပ်တည်တဲ့ အဖွဲ့အစည်းဖြစ်ပြီး မဲစာရင်းပြုစုရေး၊ ရွေးကောက်ပွဲကြီးကြပ်ရေး၊ ရွေးကောက်ပွဲကျင်းပရေး၊ ရွေးကောက်ပွဲအငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရေးစတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ရပါတယ်။ ပုံမှန်အားဖြင့် ငါးနှစ်မှာတစ်ကြိမ်ကျင်းပတဲ့ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ် ရွေးကောက်ပွဲနှစ်ကြိမ်သာရှိပါတယ်။ မဲစာရင်းကို လဝကဌာနနှင့် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့အစည်းက အချက်အလက်တွေတောင်းခံပြုစုပြီးတော့ ထုတ်ပြန်ပေးရပါတယ်။ အခုဆိုရင် ရွေးကောက်ပွဲကျင်းပလာတာ သုံးကြိမ်ရှိပြီ။ ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲကြီးဖြစ်ပါတယ်။ အဲဒီအတွက် မဲစာရင်းရှိပြီးသားစာရင်းတွေနဲ့ ပြုစုတာသုံးကြိမ်ထက် မနည်းရှိပါတယ်။ အဲဒါကြောင့် မဲစာရင်းက နောက်ထပ်အပြောင်းအလဲအနည်းငယ်သာ ထပ်မံရှိမှာဖြစ်ပါတယ်။

ရွေးကောက်ပွဲသုံးကြိမ်ကျင်းပပြီးတော့မှ အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲဝင်များအတွက် လစာချီးမြှင့်ငွေနှင့်စရိတ်များအား ပိုမိုခံစားစေဖို့ သတ်မှတ်ပေးခြင်းကို အလေးအနက်ထားပြီးတော့ ပြန်လည်သုံးသပ်သင့်ပါတယ်။ ကော်မရှင်အဖွဲ့ခွဲဝင်များရဲ့ လစာနှင့်စရိတ်များကို ရရှိခံစားစေနိုင်ဖို့ တစ်နှစ်ကို ကော်မရှင်ရဲ့ အသုံးစရိတ်က သုံးဆကျော်များပြားလာပြီးတော့ ကျပ်သန်းပေါင်း တစ်သောင်းကျော်ပိုမိုသုံးစွဲရမှာ ဖြစ်ပါတယ်။ ငါးနှစ်ဆိုရင် စုစုပေါင်း ကော်မရှင်သာမန်အသုံးစရိတ် တင် ၇၀ ဘီလီယံ နီးပါးရှိပါတယ်။ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း ရုံးခန်းတွေ ဆောက်လုပ်ဖို့ဆိုပြီးတော့ ငွေလုံးငွေရင်းသုံးစွဲငွေက ကျပ်သန်းပေါင်း ၁၅၀၀ ကျော် ပိုမိုတောင်းခံတာ ရှိပါတယ်။ အဲဒီတော့ ငါးနှစ်လုံးလုံး နှစ်ကြိမ်သာကျင်းပတဲ့ ရွေးကောက်ပွဲအတွက် ငါးနှစ်လုံးလုံး လစာနဲ့ စရိတ်များကို ရယူခံစားစေတာဟာ ကျွန်တော်တို့ရဲ့လက်ရှိ တိုင်းပြည်စီးပွားရေးအခြေအနေ နဲ့တော့ ဆောင်ရွက်ဖို့မသင့်ဘူးလို့ ယူဆပါတယ်။ ရွေးကောက်ပွဲကျင်းပတိုင်း၊ ကျင်းပတိုင်းမှာ မဲရုံမှူး၊ မဲရုံဝန်ထမ်းတွေအဖြစ် လုပ်အားပေးဆောင်ရွက်တဲ့ ဆရာဆရာမတွေ၊ နောက်တခြားဌာနက ဝန်ထမ်း တွေကို၊ နောက်လုပ်အားပေးသူတွေအတွက်လည်း မမျှတဘူးလို့ ယူဆပါတယ်။ နောက်ထပ်ကြီးမားတဲ့ တာဝန်တွေကိုယူပြီးတော့ အချိန်ပြည့်တာဝန်ထမ်းဆောင်ရတဲ့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ အတွက် လစာထက်ပိုပြီးတော့ များနေလို့။ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်အဆင့်ဆင့်ရဲ့ဥစ္စာကို အချိန်ကာလသတ်မှတ်ပြီးတော့ လစာနှင့်စရိတ်တွေကို ချီးမြှင့်ချင် ပါတယ်။ ပြီးတော့ မဲရုံလုံခြုံရေးဝန်ထမ်းတွေလိုပဲ ရွေးကောက်ပွဲမဲဆွယ်ကာလနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးတဲ့ နှစ်လကျော်ကာလအထိသာ လစာနှင့်စရိတ်များ ခံစားခွင့်ပြုသင့်ပါကြောင်း အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်မံအကြံပြုဆွေးနွေးလိုတာက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဟာ မဲစာရင်းပြုစုခြင်း၊ ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားခြင်း၊ ကြီးကြပ်ခြင်း၊ ကျင်းပခြင်းနဲ့ ရွေးကောက်ပွဲအငြင်းပွားမှု၊ တရားမဲ့မှုများကို တရားစီရင် ခြင်းစတဲ့ အလုံးစုံသော အာဏာအရပ်ရပ်ကို ရယူထားတာကို ပြန်လည်သုံးသပ်သင့်ပါတယ်။ အရင် ပါလီမန်ဒီမိုကရေစီစနစ်မှာ မဲစာရင်းအရာရှိက မဲစာရင်းကိုထုတ်ပြန်ပေးပါတယ်။ ရွေးကောက်ပွဲ ကော်မရှင်က ရွေးကောက်ပွဲကိုကြီးကြပ်ပြီး ရွေးကောက်ပွဲကို ကျင်းပပေးတာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုတွေ၊ တရားမဲ့ပြုကျင့်မှုတွေကို တရားလွှတ်တော်ချုပ်ကပဲ ဆုံးဖြတ် စေတာဟာ ပိုမိုလွတ်လပ်ပြီးတော့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်စေတာမျိုး အဲဒီကိစ္စကိုလည်း

ပြန်လည်ပြီးတော့ သုံးသပ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ဒေါက်တာလှမိုးရဲ့အဆိုကို အထူးထောက်ခံအပ်ပါကြောင်း လေးစားစွာဆွေးနွေးအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်ဝင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါက်တာလှမိုး အောင်မြေသာစံမဲဆန္ဒနယ်ရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူတဲ့အချိန်ကစပြီး အစိုးရအသုံးစရိတ်များကို လျှော့ချနိုင်ရန်အတွက် အစိုးရအဖွဲ့ဖွဲ့စည်းရာမှာ ဝန်ကြီးဌာနများအရေအတွက်ကို လျှော့ချဖွဲ့စည်းခဲ့ပြီး ဒုတိယဝန်ကြီးများကိုလည်း အနည်းဆုံးလိုအပ်ချက်အရေအတွက်ကို ခန့်အပ်ခဲ့ပါတယ်။ ဒီလို လျှော့ချခြင်းအားဖြင့် နှစ်စဉ်ဘဏ္ဍာငွေကျပ်သန်းပေါင်း ၅၀၀၀ ချွေတာနိုင်ခဲ့ပြီး ကျန်းမာရေးနှင့် ပညာရေးစတဲ့ကဏ္ဍများမှာ ဖြည့်စွက်သုံးစွဲသွားမှာဖြစ်ပါကြောင်း မူဝါဒထားရှိကြပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်တဲ့ နိုင်ငံဖြစ်တာနှင့်အညီ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကို ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို အာဏာအပ်နှင်းရတာ ဖြစ်ပါတယ်။ ဒီလိုအာဏာအပ်နှင်းနိုင်ဖို့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့ဟာ အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒီအတွက်ကြောင့် လေးစားဂုဏ်ပြုတဲ့အနေနဲ့ လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရန်အတွက် မူလဥပဒေဖြစ်တဲ့ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ၂၀၁၅ ခုနှစ်မှာ ပြင်ဆင်ပြဋ္ဌာန်းပြီး ထိုက်သင့်သလိုချီးမြှင့်ခဲ့ပါတယ်။

ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို လစဉ်ချီးမြှင့်မယ့် ငွေပေါင်းပမာဏဟာ အများဆုံး ကျပ် ၃၄၀၀၀၀ ကနေ အနည်းဆုံးကျပ် ၇၀၀၀၀ အထိဖြစ်တာမို့ တစ်ဦးချင်းအနေနဲ့ မများသော်လည်း တစ်နိုင်ငံလုံးအတွက် စုစုပေါင်းပမာဏအားဖြင့် အလွန်ပဲများပြားလှပါတယ်။ ခန့်အပ်တဲ့ကော်မရှင်

အရေအတွက်ပေါ်မှာ မူတည်ပြီး ကျပ်ငွေ ဘီလီယံ ၃၀၀ ကနေ ဘီလီယံ ၈၀၀ ကျော်အထိ ရှိမယ်ဆိုတာ အဆိုရှင်ကဆိုထားပါတယ်။ ဒီလောက်များပြားတဲ့ငွေပမာဏဟာ မဖွံ့ဖြိုးသေးတဲ့တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ လမ်းတံတားစတဲ့အခြေခံအဆောက်အဦ (Infrastructure) တွေ၊ ကျန်းမာရေး၊ ပညာရေးစတဲ့ လူမှုအခြေခံမြှင့်တင်ရေး စောင့်ရှောက်မှုတွေမှာ အသုံးပြုလျှင် များစွာထိရောက်မှုရှိမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြရရင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရဲ့လုပ်ငန်းတာဝန်တွေကလည်း ရွေးကောက်ပွဲကော်မရှင်သက်တမ်းကာလ ငါးနှစ်လုံးလုံးအမြဲရှိနေမှာမဟုတ်ပါဘူး။ ပုံမှန်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေအတွက် အမြဲတမ်းဝန်ထမ်းတွေကိုတစ်နိုင်ငံလုံးမှာ အရာထမ်း ၅၀၆ ဦး၊ အမှုထမ်း ၁၃၆၈ ဦးခန့် အပ်ထားပြီးဖြစ်ပါတယ်။ ငါးနှစ်ကာလမှသာ အထွေထွေရွေးကောက်ပွဲတစ်ကြိမ်သာကျင်းပရတဲ့အတွက်ကြောင့် ကော်မရှင်အဆင့်ဆင့်ဟာသတ်မှတ်ကာလအတွင်း အနည်းဆုံးသုံးလမှ အများဆုံးခြောက်လအထိသာ လုပ်ငန်းတာဝန်ထမ်းဆောင်နေရတာ ဖြစ်ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲများအတွက်ကတော့ လိုအပ်တဲ့ကာလမှသာလိုအပ်တဲ့ မဲဆန္ဒနယ်မြေအနည်းစုပဲ ဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် ကော်မရှင်အဖွဲ့ခွဲဝင်များတာဝန်ထမ်းဆောင်ရမည့် ကာလများမှသာ ချီးမြှင့်ငွေနှင့်စရိတ်ချီးမြှင့်မယ်ဆိုပါက ပိုမိုသင့်လျော်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။ နိုင်ငံတကာမှာလေ့လာကြည့်ရင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက အဖွဲ့ဝင်များဟာ စေတနာ့ဝန်ထမ်း (Volunteer) အဖွဲ့အစည်းများ ဖြစ်ကြပါတယ်။ ချီးမြှင့်ငွေစရိတ်စသည်တို့ကို ခံစားရယူခြင်းမရှိဘဲ ကိုယ့်နိုင်ငံအတွက် စေတနာသန့်သန့်နဲ့ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။ ယခုအခါမှာ ကျွန်တော်တို့နိုင်ငံမှာ လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့နှင့်ပတ်သက်ပြီး မချီးမြှင့်ဘဲနေခြင်းလည်းမဟုတ်၊ ထိုက်သင့်သလောက်ချီးမြှင့်ပြီး မကုန်သင့်မကုန်ထိုက်တာကိုလည်း ပြည်သူများရဲ့မျက်နှာကို ထောက်ရှုပြီး မကုန်ကျအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော် ရှေ့မှာတင်ပြခဲ့သလို လိုအပ်တဲ့နေရာတွေမှာ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းတွေကို ပိုမိုပံ့ပိုးဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့တင်ပြချက်နိဂုံးမှာပါတဲ့အချက်များနဲ့ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြသွားပါမယ်။ အဆိုရှင်ရဲ့ တင်ပြချက်နိဂုံးပိုင်းမှာ အထူးအလေးပေးတင်ပြသွားသလို (၁) လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ပေးရမည့်ကာလ၊ (၂) လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ပမာဏ၊ (၃) ခန့်အပ်မည့်အဖွဲ့ဝင်ဦးရေတို့ကို ပြန်လည်သုံးသပ်ရန် လိုအပ်ကြောင်း တင်ပြသွားပါတယ်။ ဒီအချက်တွေဟာ

**မူကြမ်း**

မလွဲမသွေ ပြန်လည်သုံးသပ်ရမယ့်အချက်များ ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီကိုစ္စတွေအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းကိုလည်း တင်ပြသွားပါတယ်။ ကျွန်တော်အကြံပြု ဆွေးနွေးလိုတာကတော့ ယခုအချက်သုံးချက်ကို ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)မှာ ဖော်ပြထားတာကတော့ ကော်မရှင်သည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ဝင်များအတွက် ထိုက်သင့် သည့်လစဉ်ချီးမြှင့်ငွေနှင့်စရိတ်တို့ကို ရရှိခံစားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒီဥပဒေပုဒ်မဖော်ပြချက်မှာပါတဲ့ လစဉ်ဆိုတဲ့ စကားရပ်ပူးတွဲပါရှိနေပါတယ်။ ကော်မရှင်အဖွဲ့ခွဲဝင်များကို ခန့်အပ်ချိန်ကစပြီး တာဝန်မှအနားယူချိန် သို့မဟုတ် တာဝန်မှရပ်စဲတဲ့အချိန်သည် ဥပဒေနှင့် လစဉ်ချီးမြှင့်သွားမှာဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဥပဒေကို မည်သူမှ ကျော်လွန်ဆောင်ရွက်လို့မရပါဘူး။ ဒါကြောင့် ပထမဦးစွာ ဥပဒေကို ပြင်ဆင်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ပြင်ဆင်တဲ့နေရာမှာလည်း ကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပရန် လိုအပ်တဲ့ မဲဆန္ဒနယ်တွေမှာ ဖွဲ့စည်းရမယ့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက်လည်း ထည့်သွင်းစဉ်းစားပြင်ဆင်သွားရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဟာ လွှတ်တော်တွေရဲ့ တာဝန်ဖြစ်နေလို့ သက်ဆိုင်ရာ လွှတ်တော်ကော်မတီက ဥပဒေပြင်ဆင်ချက်စတင်တင်သွင်းပြီး လွှတ်တော်များမှာ ဆွေးနွေးဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ နောက်တစ်ချက် အကြံပြုလိုတာက ခန့်အပ်မည့်အဖွဲ့ဝင်ဦးရေ ကိစ္စဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေ ပုဒ်မ ၁၄ နဲ့ ပုဒ်မ ၁၅ မှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းရာမှာ အနည်းဆုံးအဖွဲ့ဝင်သုံးဦးနဲ့ ဖွဲ့စည်းမှုကို သတ်မှတ်ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လုပ်ငန်းတာဝန်နှင့် ညီညွတ်မည့်အဖွဲ့ဝင်အရေအတွက်ကို စဉ်းစားခန့်အပ်ရမှာ ဖြစ်ပါတယ်။ လိုအပ် ပါက ဥပဒေပြင်ဆင်တဲ့အခါမှာ အဖွဲ့ဝင်အရေအတွက်ကို ကန့်သတ်ပေးလို့ရပါကြောင်း တစ်ဆက် တည်း တင်ပြလိုပါတယ်။

ပြည်ထောင်စုအစိုးရနှင့်သက်ဆိုင်တာကတော့ အဆိုရှင်တင်ပြခဲ့တဲ့ ဒုတိယအချက်ဖြစ်တဲ့ လစဉ်ချီးမြှင့်ငွေနှင့်စရိတ်ပမာဏ ဖြစ်ပါတယ်။ ချီးမြှင့်ငွေနှင့်စရိတ်ကို ပြည်ထောင်စုအစိုးရက ချီးမြှင့်ရမှာဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုအစိုးရက ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဆိုတဲ့အချက်ကို ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးများရဲ့ ဓလေ့စရိုက်အားဖြင့်လည်း လူမှုအကျိုးပြုဆောင်ရွက်

**မူကြမ်း**

မှုများကို အလွန်စိတ်အားထက်သန်ပြီး ချီးကျူးဂုဏ်ပြုမည့် ဂုဏ်ပြုမှုအပါအဝင် မှတ်တမ်းတင် အသိအမှတ်ပြုခံရခြင်းကို ပိုမိုမြတ်နိုးတန်ဖိုးထားတတ်ကြပါတယ်။ ငွေကြေးနဲ့ချီးမြှင့်မယ်ဆိုပါက လစဉ်ချီးမြှင့်ခြင်းမဟုတ်ဘဲ လုပ်ငန်းတာဝန်များ ပြီးဆုံးမှတစ်ကြိမ်တည်းချီးမြှင့်ခြင်းပြုရင်လည်း ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှာ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပတော့မှာဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးအတွက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ အပြီးဖွဲ့စည်းသွားမှာဖြစ်တဲ့အတွက် ဒေါက်တာလှမိုးရဲ့ အဆိုဟာ အခြေအနေနှင့်ရော အချိန်အခါနှင့်ပါ ကိုက်ညီတဲ့အဆိုဖြစ်ကြောင်းကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက သက်ဆိုင်ရာလုပ်ငန်းတာဝန်များကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံအကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါ။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီးတော့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော် ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးရဲ့ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် အဆင့်ဆင့်သော ကော်မရှင် အဖွဲ့ခွဲဝင်များအတွက် ထိုက်သင့်သည့်လစာချီးမြှင့်ငွေနဲ့ စရိတ်တို့အားရရှိခံစားရန် သတ်မှတ် ထားခြင်းကို ပြန်လည်သုံးသပ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည့်ပြည့်စုံစုံပြောတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့တော့ ဘဏ္ဍာရေးပိုင်းနဲ့ပတ်သက်လို့ တိုင်းပြည်ရဲ့ဘဏ္ဍာရေးပိုင်းရဲ့ ဘဏ္ဍာရေးအခြေအနေရယ်၊ နောက်ဘဏ္ဍာရေးစီမံခန့်ခွဲမှုရယ်၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနဲ့ ဒါတွေကို ကျွန်တော် ထည့်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့တိုင်းပြည်ဟာ အခု ဒေါက်တာလှမိုးဆွေးနွေးသွားသလို ၁၆၇ ဘီလီယံဆိုတာ ဒါတော်တော်လေးကို များပြားနေတဲ့အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တိုင်းပြည်မှာ ဘတ်ဂျက် Deficit တွေ တော်တော်များများဖြစ်နေပါတယ်။ ဘဏ္ဍာရေးကော်မရှင်ရဲ့(၁/၂၀၁၅) အစီရင်ခံစာအရဆိုလို့ရှိရင် ၂၀၁၃-၂၀၁၄ က ၇၅၅.၁၃၅ ဘီလီယံ၊ နောက် ၂၀၁၄-၂၀၁၅ မှာ ၂၅၅၁.၈၁၁ ဘီလီယံ၊ နောက်တစ်ခါ ၂၀၁၅-၂၀၁၆ မှာ ၃၆၁၃.၇ ကျပ်ဘီလီယံတွေ ကျွန်တော်တို့ Deficit ဖြစ်နေပါတယ်။ ဘတ်ဂျက်ရဲ့သဘောက ရငွေတွေ ဘယ်လောက်ပဲရရ အသုံးစရိတ်ကို ချွေတာရပါမယ်။ ဒါပေမဲ့ ဒီကြားထဲမှာ ရငွေဟာလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ရပေမယ့် အသုံးစရိတ်ကလည်း တစ်နှစ်ထက်တစ်နှစ် တိုးသုံးတဲ့ အတွက်ကြောင့် လိုငွေတွေဟာ တောက်လျှောက်ပေါ်နေတယ်။ အဲဒီတော့ ကျွန်တော်တို့ လိုငွေ ဘတ်ဂျက် Deficit ဖြစ်တာလည်း ၂၈ နှစ်ရှိပါပြီ။

ကျွန်တော်တို့က ဘတ်ဂျက် Deficit ကလည်း များလာတယ်။ ဘတ်ဂျက်လိုငွေတွေများလာတယ်။ ကာလကလည်းရှည်လာမယ်ဆိုလို့ရှိရင် ကြွေးမြီကို ကျွန်တော်တိုက အာမခံနိုင်မှုနည်းလာပြီးတော့ ကျွန်တော်တို့ရဲ့ ဘဏ္ဍာရေးအခြေအနေဟာ ယိုင်နဲ့လာမယ့်အခြေအနေကို ကျွန်တော်တို့ တိုင်းပြည်က ဖြစ်လာပါတယ်။ ဒါကြောင့် ရငွေဘယ်လောက်ပဲရရ အသုံးစရိတ်ကိုချွေတာရမယ်။ အခု ကျွန်တော်တို့က ခန့်မှန်းခြေရငွေထက်များတယ်လို့သာပြောနေတာ ခန့်မှန်းခြေရငွေထက် ပိုမိုကောက်ခံရသယောင် ကျွန်တော်တို့လုပ်ထားတဲ့အနေအထားမျိုးလည်း တွေ့ရတယ်။ အဲဒီတော့ အသုံးစရိတ်ကို ကျွန်တော်တို့က ချွေတာမှုဖြစ်မယ်ဆိုတာ ကျွန်တော်က ဘတ်ဂျက်ပိုင်းအနေနဲ့ ပြောချင်ပါတယ်။ နောက်ဘဏ္ဍာရေးပိုင်းအနေနဲ့ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းတွေ အနေနဲ့ပြောရရင် Financial management ကျွန်တော်တို့ Financial proprieties အနေနဲ့ ဆိုလို့ရှိရင် ဒီလုပ်ငန်းတစ်ခုဟာ ပြည်သူ့ဘဏ္ဍာကို ကျွန်တော်တို့ စီမံခန့်ခွဲတဲ့ သက်ဆိုင်ရာအစိုးရတွေ၊ အဖွဲ့အစည်းတွေဟာ Economy ဖြစ်/မဖြစ် ခြိုးခြံချွေတာမှုရှိသလား၊ နောက်ကျွန်တော်တို့ Effectiveness ဆိုတဲ့ ထိရောက်စွာ ဒီလုပ်ငန်းကို သုံး/မသုံး၊ သုံးသလား/မသုံးသလား၊ Efficiency ဖြစ်/မဖြစ် စွမ်းဆောင်ရည် တကယ်ပြည့်ပြည့်ဝဝနဲ့သုံးသလားဆိုတာ ကျွန်တော်တို့ထည့်သွင်းစဉ်းစားရပါတယ်။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ Operation Ratio ဒီလုပ်ငန်းရဲ့အချိုးပေါ့။ လုပ်ငန်းတစ်ခုကို ကျွန်တော်တို့ ထည့်သွင်းသုံးစွဲလိုက်လို့ ဒီလုပ်ငန်းက ဘာပြန်ရလာမလဲ။ ဒီလုပ်ငန်းကိုလုပ်လိုက်လို့ ဘယ်လို အကျိုးရှိလာမလဲ။ ဘယ်လို ဒီလုပ်ငန်းကို လုပ်သင့်သလား။ ကုန်ကျသင့်

သလားဆိုတာ ကျွန်တော်တို့က Analysis ပေါ့၊ စီးပွားရေးဘာသာနဲ့ ဘဏ္ဍာရေးနဲ့ဆိုလို့ရှိရင် ကျွန်တော်တို့ စိစစ်သုံးသပ်ရမယ်။ နောက် Commit လုပ်ရမယ်။ နောက်တစ်ခါ Evaluate လုပ်ရမယ်။ ကျွန်တော်တို့ အကဲဖြတ်ရပါမယ်။ ဒီစီးပွားရေးအနေနဲ့ လုပ်ငန်းတစ်ခုကို၊ အသုံးစရိတ်တစ်ခုကို ကျခံသုံးစွဲမယ့်အခါမှာ ကျွန်တော်တို့ ဒါတွေကို ထည့်သွင်းစဉ်းစားရပါမယ်။ နောက်တစ်ခါ Financial Regulation၊ Financial Propriety တွေအရ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ ဘဏ္ဍာရေးကျင့်စဉ်တွေအရ သက်ဆိုင်ရာဘဏ္ဍာရေးခွင့်ပြုမိန့်ပြုနိုင်တဲ့ လူ့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်၊ အစိုးရတစ်ရပ်ဟာ ကျွန်တော်တို့ ဘဏ္ဍာရေးကို ခွင့်ပြုတဲ့အခါမှာ မိမိဟာ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးရှိစေမယ့် ခွင့်ပြုမိန့်မျိုးကို မချရပါဘူး။ နောက်သာမန်လူတစ်ယောက်ဟာ မိမိငွေကို အစိုးရဘဏ္ဍာတော်ကို သုံးတဲ့အခါမှာ မိမိငွေကိုသုံးသလို ခြိုးခြံချွေတာစွာသုံးရပါမယ်။ အဲဒီတော့ ကျွန်တော်တို့က ဒေါက်တာလှမိုးအဆို တင်သွားသလို အချိန်လည်း ကန့်သတ်မှုမရှိ၊ ပမာဏလည်းမရှိ၊ ဦးရေလည်းမရှိ ဒါအင်မတန်မှ နိုင်ငံတော်ရဲ့ဘဏ္ဍာကို ဖြုန်းတီးရာကျနေသလိုပဲ ဖြစ်နေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ပြန်ပြီးတော့ဒါတွေကို စိစစ်ရပါမယ်။ စိစစ်ပြီးတော့ ကျွန်တော်တို့ ဘာလုပ်ငန်းပဲဖြစ်ဖြစ် အခြေခံအချက်အလက်တွေနဲ့ အသေးစိတ်စိစစ်ပြီးတော့မှ ခွင့်ပြုသုံးစွဲသင့်ပါကြောင်း ကျွန်တော် ပြောကြားရင်း ဒေါက်တာလှမိုးရဲ့အဆိုကို လေးလေးနက်နက် ကျွန်တော်ထောက်ခံပါတယ်။ (သြဘာသံများ)

**ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးလှတင့်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးလှတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုးရဲ့ အဆိုနှင့် ပတ်သက်ပြီးတော့ ကော်မရှင် ရဲ့ကိုယ်စား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ တင်ပြ

လိုတာက အဆိုရှင်ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ရဲ့အဆိုသည် လျော်ကန် သင့်မြတ် ပါကြောင်း ဦးစွာပထမ တင်ပြအပ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု အဓိကတင်ပြတာကတော့ လစဉ်ချီးမြှင့်ငွေကိစ္စနှင့် စရိတ်၊ ဒါအဓိက ကျတဲ့အဆိုဖြစ်တယ်လို့ ကျွန်တော် အဲဒီလိုပဲ သုံးသပ်မိပါတယ်။ အဲဒီတော့ အဆိုမှာက အခုဖြစ်တဲ့ကိစ္စ သည် လစဉ်ချီးမြှင့်ငွေဖြစ်တဲ့အတွက် Honoraria Money လို့ခေါ်ရင်လည်း ရပါလိမ့်မယ်။ ဂုဏ်ပြု ချီးမြှင့်ငွေပါ၊ သို့မဟုတ် အဲဒီစကားလုံးအရ ဉာဏ်ပူဇော်ခလို့လည်း ကျွန်တော်တို့ သုံးလို့ရပါတယ်။ Salary မဟုတ်ပါဘူး။ အဲဒါအတွက် ကျွန်တော်တို့က ချီးမြှင့်ငွေဖြစ်တဲ့အတွက် အလုပ်ရှိမှ၊ အလုပ်ပေါ် မှ အလုပ်လုပ်မှ ချီးမြှင့်ရမှာဖြစ်ပါတယ်။ ဒါသဘာဝတရားပါ။ အလုပ်မပေါ်၊ အလုပ်မရှိ၊ အလုပ်မလုပ် ဘဲနဲ့ ချီးမြှင့်စရာအကြောင်း ပေါ်ပေါက်မှာမဟုတ်ပါဘူးလို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲတွေပြုလုပ်ဖို့ရှိတဲ့ ဒေသ၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကိုသာ ကာလသတ်မှတ်ပြီးတော့ ချီးမြှင့်သွားမှာ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ကော်မရှင်ရဲ့ သဘောထားပါ ခင်ဗျာ။ ဒီချီးမြှင့်ငွေနဲ့ပတ်သက်ပြီးတော့ အောက်တိုဘာလကစပြီးတော့ ကျွန်တော်တို့ ခံစားခွင့်ပြုမယ် ဆိုသော်လည်းပဲ ရွေးကောက်ပွဲနဲ့သက်ဆိုင်တဲ့ လုပ်ငန်းလုပ်ဆောင်မှုရှိတဲ့ ကော်မရှင်အဖွဲ့ခွဲများအတွက် သာ ကျွန်တော်တို့က ချီးမြှင့်ငွေနှင့်ပတ်သက်လို့ စဉ်းစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြဆွေးနွေးခဲ့တဲ့ကာလ အတိုင်းအတာ ခြောက်လ၊ ကိုးလ စသဖြင့် ကျွန်တော်တို့ တင်ပြသွားတာရှိပါတယ်။ အဲဒီ ဆွေးနွေး တဲ့အတိုင်းပဲ ကျွန်တော်တို့က ကိုးလသတ်မှတ်ပြီးတော့ ချီးမြှင့်ငွေပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။ ဒါကြောင့်မို့လို့ လိုရင်းတိုရှင်းတင်ပြရရင်တော့ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဦးရေကာလဆိုတာ လည်း အဆိုရှင်ရဲ့ အဆိုမှာလည်း ပါသွားပြီးဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေအခန်း(၅) ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ အရ ဆိုရင်တော့ အနည်းဆုံး ဥက္ကဋ္ဌ တစ်ဦး၊ အဖွဲ့ဝင် နှစ်ဦး(၁+၂) ကျွန်တော်တို့က ခန့်အပ်ဖို့ အတိအကျဆုံးဖြတ်ပြီးဖြစ်ပါတယ်။ ပိုမှာ လည်းမဟုတ်ပါဘူး။ လိုရင်းတင်ပြတာပါခင်ဗျား။ အဲဒီတော့ အဆိုရှင်တင်ပြတဲ့ အထွေထွေ ရွေးကောက်ပွဲ သို့မဟုတ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိတဲ့အခါမှာ လုပ်ငန်းလိုအပ်ချက်အရ ကိုးလထက်မပိုတဲ့ကာလသတ်မှတ်ပြီးတော့ ချီးမြှင့်ငွေပေးအပ်ဖို့အတွက် ပြန်လည်သုံးသပ်သင့်ပါ ကြောင်းနှင့် အဆိုရှင်ရဲ့အဆိုကို အတည်ပြုပေးသင့်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာလှမိုး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုးဦးကလည်း ကျယ်ကျယ်ပြန့်ပြန့် အဓိကရည်ရွယ်ချက်ဖြစ်တဲ့ လစဉ်ချီးမြှင့်ငွေ နှင့်စရိတ်နှင့် ပတ်သက်တဲ့ကာလ ပြန်လည်သုံးသပ်ပေးဖို့ အဖွဲ့ဝင်ခန့်အပ်မှုကို ကျစ်ကျစ်လျစ်လျစ်ဖွဲ့စည်းဖို့ အားလုံးဝိုင်းဝန်းဆွေးနွေး ပေးသွားတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များ ကျွန်တော့်ရဲ့အဆိုတင်သွင်းမှုနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှလည်း ကျွန်တော်တို့ အဆိုနှင့်ပတ်သက်ပြီးတော့ အလေးထားပြီး ပြန်လည်ရှင်းလင်း ပေးသွားတဲ့အတွက်လည်း အထူးကျေးဇူးတင်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့အဆိုကို ပြည်သူ့လွှတ်တော်ကြီးမှ အတည်ပြုဆုံးဖြတ်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ကိုးဦးကဆွေးနွေးပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အဆိုအား အတည်ပြုသင့်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းသွားခဲ့ပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာလှမိုး တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]